ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက်၊ ဗုဒ္ဓဟူးနေ့၊ (11-5-2011) (၆၇၅၆)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ☆ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- ☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ☆ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၁၈)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်

နေပြည်တော် မေ ၁၀

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မေ ၇ ရက် နံနက် ၉ နာရီတွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့ရှိ Jakarta Convention Centre (JCC) Assembly Hall ၌ ကျင်းပသည့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ (၁၈)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင် ဆူလ်တန်ဟာဂျီ ဟာဆာနာလ်ဘိုကီးယားမူအစ်ဇာဒင်ဝါဒိုလာ၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူစီလိုဘန်ဘန်း ယူဒိုရိုနို၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်း သမာဗောင်၊ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ မိုဟာမက် နာဂျစ်ဘင်ထွန်း ဟာဂျီအဗ္ဗဒူရာဇတ်၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဘီနင်နိုအကွီနို၊ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်လွန်း ကိုယ်စား ဝါရင့်ဝန်ကြီး ပါမောက္ခအက်စ်ဂျယာကူးမား၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အဘီဆစ် ဝေ့ချာချီဝ၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံနိုင်ငံများမှ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာဆူရင်ပစ်ဆူဝမ်၊ အာဆီယံအမြဲတမ်းကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများအား အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတက ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။ **စာမျက်နှာ ၃ ကော်လံ ၅ သို့ ☆**

(၁၈)ကြိမ်မြောက် အာဆီယံ ထိပ်သီး အစည်းအဝေး ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက် လာသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား အင်ဒိုနီးရှား သမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူစီလိုဘန်ဘန်း ယူဒိုရိုနိုက ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်စဉ်။
(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ (၁၈)ကြိမ်မြောက် အာဆီယံ ထိပ်သီး အစည်းအဝေး ဖွင့်ပွဲအခမ်းအနား၌ စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။
(သတင်းစဉ်)

ကြေးမုံ The Mirror ၁၁-၅-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

မြန်မာ-အင်ဒိုနီးရှား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူစီလိုဘန်ဘန်း ယူဒိုရိုနို၏ ဖိတ်ကြားချက်အရ အင်ဒိုနီးရှားသမ္မတနိုင်ငံသို့ မေ ၅ ရက်မှ ၉ ရက်နေ့အထိ ချစ်ကြည်ရေးခရီးသွားရောက်ပြီး ဂျကာတာမြို့၌ ကျင်းပသည့် (၁၈)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်သည်။

ချစ်ကြည်ရေးခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် အင်ဒိုနီးရှားသမ္မတခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ၏ နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲကို မေ ၅ ရက်တွင် ဂျကာတာမြို့ရှိ နန်းတော်၌ကျင်းပသည်။

ယင်းသို့တွေ့ဆုံကြရာတွင် အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ ဒေါက်တာ ဆူစီလိုဘန်ဘန်း ယူဒိုရိုနိုက **"မြန်မာနိုင်ငံ၏ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ နယ်မြေတည်တံ့ရေးတို့အတွက် ဆောင်ရွက်ချက်များကို ထောက်ခံပါကြောင်း၊ စီးပွားရေးနှင့်ပတ်သက်၍ နှစ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏကို ၂၀၁၅ ခုနှစ်မတိုင်မီ အမေရိကန်ဒေါ်လာ သန်း ၅၀၀ အထိ တိုးမြှင့်နိုင်ရန် ရည်မှန်းချက်ထားရှိပါကြောင်း"** ဆွေးနွေးသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ပြန်လည်ဆွေးနွေးရာတွင် **"မိမိတို့စနစ် ပြောင်းလဲသွား၍ စီးပွားရေးစနစ်တွင် ပိုမိုပွင့်လင်းစွာ ပြောင်းလဲမှုများ ပြုလုပ်သွားမည်ဖြစ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများစွာရှိသည့်အတွက် လယ်ယာ၊ သတ္တု၊ စက်မှု၊ ရေနံနှင့်သဘာဝဓာတ်ငွေ့စသည့် ကဏ္ဍများစွာတွင် အင်ဒိုနီးရှားနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်လိုပါကြောင်း"** ပြောကြားသည်။

မြန်မာနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့သည် အရှေ့တောင်အာရှနိုင်ငံများဖြစ်သည်နှင့်အညီ နှစ်ပေါင်း ၆၀ ကျော်အတွင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ မှန်မှန်တိုးတက်လာခဲ့သည်။ နှစ်နိုင်ငံအကြားဖြစ်တည်နေသည့် ချစ်ကြည်ရင်းနှီးမှုများ ပိုမိုခိုင်မာလာခဲ့ပြီဖြစ်သည်။ ယခုအခါ အင်ဒိုနီးရှားနိုင်ငံမှ ကုမ္ပဏီ ၁၂ ခု လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်လျက်ရှိသည်။ နှစ်နိုင်ငံခရီးသွားလုပ်ငန်း၊ လေယာဉ်ခရီးစဉ်ပျံသန်းရေးများ တိုးမြှင့်သွားနိုင်ရေး ကြိုးပမ်းလျက်ရှိသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အင်ဒိုနီးရှားသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်စဉ် အင်ဒိုနီးရှားသမ္မတနှင့် တွေ့ဆုံနှုတ်ဆက်ရာ၌ နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ခိုင်မာရေး၊ အာဆီယံနိုင်ငံများနှင့် ရင်းနှီးစွာဆက်ဆံပြီး ကုလသမဂ္ဂအပါအဝင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ရေးများ ဆွေးနွေးကြသည်။

သို့ဖြစ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ အင်ဒိုနီးရှားသမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်သည် နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်မှု၊ ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများ တိုးမြှင့်ရန် အခွင့်အလမ်းများ ပိုမိုရရှိစေပြီး မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အလားအလာကောင်းများ ဖြစ်ထွန်းရရှိလာနိုင်မည် ဖြစ်ပါသည်။ ။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၁-၅-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၅ ၂။ အင်္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈:၀၀ ၇။ မျိုးမျိုးကြွကြွယဉ်ကျေးမှုအက
၈:၁၀ ၈။ အတီးပြိုင်ပွဲ
၈:၂၀ ၉။ "လှေကားသုံးထစ်ဆင်းတဲ့အခါ"
၈:၃၀ ၁၀။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈:၄၀ ၁၁။ International News
၈:၄၅ ၁၂။ တေးဂီတအစီအစဉ်
၉:၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

၃:၃၀ ၁။ Myanmar National League MNL Grand Royal Cup 2011 ဘောလုံးပြိုင်ပွဲ ထုတ်လွှင့်မှု အစီအစဉ် (နေပြည်တော် F.C နှင့် ရက္ခပူရယူနိုက်တက် F.C)
၅:၀၀ ၂။ တေးဂီတအစီအစဉ်
၅:၁၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ - ဒုတိယနှစ် (မြန်မာစာ၊ ရသစာပေ၊ အရှေ့တိုင်းပညာအထူးပြု) (ဒဿနိကဗေဒ)
၅:၂၅ ၄။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅:၃၀ ၅။ သီချင်းကြီးပဒေသာ
၅:၄၀ ၆။ International Science News
၅:၅၀ ၇။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၆:၀၀ ၈။ ညနေခင်းသတင်း
၆:၁၅ ၉။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၀။ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
၆:၃၀ ၁၁။ ရွှေရင်ခုန်သံ
၇:၁၅ ၁၂။ တေးဂီတအစီအစဉ်
၇:၃၅ ၁၃။ အလင်္ကာကျော်စွာ မြို့မငြိမ်း နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် ဂုဏ်ပြုတေးအစီအစဉ်
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ ပျော်ရွှင်ရင်ခုန်ပြကွက်စုံ
၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာလွှမ်းသောမေတ္တာ" (အပိုင်း-၅၇)**
၁၉။ မြန်မာဗီဒီယိုဇာတ်လမ်း "မျက်စိတစ်မှိတ်" (မင်းမော်ကွန်း၊ နန္ဒ၊ နန္ဒာလှိုင်) (ဒါရိုက်တာ-အောင်ဗပါဝါ)
၂၀။ အစီအစဉ်ပြီး၏။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်အား UNHCR မှ ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံ

အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်အား ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) မှ ဌာနေကိုယ်စားလှယ် Mr. Bhairaja Panday နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၁၀

အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်အား ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) မှ ဌာနေကိုယ်စားလှယ် Mr. Bhairaja Panday နှင့်အဖွဲ့သည် ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး၏ မေခလာခန်းမ၌ လာရောက်တွေ့ဆုံ၍ ဂီရိမုန်တိုင်းဒဏ်သင့်ပြည်သူများအား ကူညီဆောင်ရွက်ပေးနေမှုအခြေအနေ၊ နယ်စပ်ဖြတ်ကျော် သွားရောက်သူများအား ပြန်လည်နေရာချထားရေး အစီအစဉ်နှင့် ၂၀၁၁ ခုနှစ်အတွင်း ဆောင်ရွက်လိုသည့် လူမှုရေးဝန်ဆောင်မှုလုပ်ငန်းရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သတ္တုတွင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် ဖားကန့်မြို့နယ် ဥရုချောင်း ရေစီးရေလာ ကောင်းမွန်ရေးအတွက် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်ရာတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အလေးထားဆောင်ရွက်

နေပြည်တော် မေ ၁၀

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်သည် ကချင်ပြည်နယ် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအောင်နိုင်၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း နာယကနှင့် ဒုတိယဥက္ကဋ္ဌများနှင့်အတူ မေ ၈ ရက်တွင် ကချင်ပြည်နယ် ဖားကန့်မြို့နယ် လုံးခင်းကုမ္ဗေရွာမှ ဖားကန့်၊ ဟောင်ပါး၊ ဝေ့ခါထိဥရုချောင်း ပတ်ဝန်းကျင်တစ်လျှောက်ရှိ ကျောက်မျက်ရတနာတူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဥရုချောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် လုပ်ငန်းရှင်များက အပိုင်းလိုက် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဖားကန့်ဒေသခံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း (ဖားကန့်မြို့နယ်)မှ ဝန်ထမ်းများ၊ မြို့နယ်ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ ကျောက်မျက်ရတနာတူးဖော်မှုများ တိုးတက်ထုတ်လုပ်ရာတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ အများပြည်သူတို့၏ အခွင့်အရေးများ ထိခိုက်နစ်နာမှုမရှိစေရေး အလေးထားဆောင်ရွက်ရန်၊ ထွက်ရှိလာသော စွန့်ပစ်မြေစာနှင့် ကျောက်များကို စနစ်တကျ စုပုံစွန့်ပစ်ရန်၊ ဖို့မြေနေရာဟောင်းများ၌ အပိုင်းလိုက် အရိပ်ရပင်၊ လေကာပင်၊ နှစ်ရှည်ပင်များကို စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်သစ်တောဦးစီးဌာနနှင့် ပေါင်းစပ်၍ ပျိုးဥယျာဉ်များ တည်ဆောက်ပြီး ယခုမိုးတွင်းကာလ စိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်သွားရန်၊ ဥရုချောင်းတစ်လျှောက် ရေစီးရေလာကောင်းမွန်ရေးအတွက် ပို့ဆောင်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကွင်းဆင်းစစ်ဆေး တွက်ချက်ပေးထားသည့်အတိုင်း ကျောက်မျက်တူးဖော်ရေးလုပ်ငန်းရှင်များ၏ ပါဝင်ပူးပေါင်းကူညီမှုဖြင့် စက်ယန္တရားများအား အသုံးပြု၍ စနစ်တကျဆောင်ရွက်သွားရန်တို့ကို မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဖားကန့်မြို့နယ်ရှိ တန် ၃၀၀၀ ကျောက်စိမ်းတုံးကြီး မြေအောက်(ပြတိုက်)ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

(11-5)02.pmd 1 5/11/2011, 3:44 AM

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ထိုင်းနိုင်ငံဝန်ကြီးချုပ် လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၁၀

အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့၌ ရောက်ရှိနေသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အဘီဆစ် ဝဲ့ချာချီဝသည် မေ ၇ ရက် ညနေ ၄ နာရီခွဲတွင် ဂျကာတာမြို့ရှိ Jakarta Convention Centre (JCC) ညှိခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးညဏ်လင်းနှင့် ဌာနဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြပြီး ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အဘီဆစ် ဝဲ့ချာချီဝနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး Mr. Kasit Piromya၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Alongkorn Ponlaboot၊ အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး Mr. Thanatip Upatising နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးမြှင့်

တွေ့ဆုံရာ၌ နိုင်ငံတော်သမ္မတနှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ်တို့သည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာရေးနှင့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အဘီဆစ် ဝဲ့ချာချီဝ ဂျကာတာမြို့ရှိ Jakarta Convention Centre (JCC) ညှိခန်းမ၌ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အဘီဆစ် ဝဲ့ချာချီဝအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

☆ **ရှေ့ဖုံးမှ**

ထို့နောက် အင်ဒိုနီးရှားယဉ်ကျေးမှု အဖွဲ့က အာဆီယံသီချင်းအားသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌ အိမ်ရှင် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူစီလိုဘန်ဘန်း ယူဒိုရိုနိုက အဖွင့်မိန့်ခွန်းပြောကြားသည်။

ဆက်လက်၍ (၁၈)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ပတ်သက်သည့် ဗီဒီယိုကို ပြသသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁၁-၅-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

AM & PM

၅း၀၅	ပဋ္ဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	"ခေမာထေရီဘိက္ခုနီမအကြောင်း" တရားတော်
၆း၄၀	စေတီတို့ရဲ့နောင်တော် တွံတေးရွှေဆံတော်
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (ဇာတ်သိမ်းပိုင်း)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၅၈)**
၈း၄၅	Legendary Journey Live at Singapore (Part-9)
၉း၃၀	အားကစားမြင်ကွင်းစုံ
၁၀း၀၅	မဟာလောကဥသျှောင် ကျောင်းတော်ကြီးစေတီတော် ထီးတော်တင်လှူပွဲ
၁၀း၂၅	နှစ်(၁၀၀)ပြည့်အောင်ပွဲမှသည်. . .
၁၀း၄၀	ဓာတ်ပုံထဲမှအမှတ်တရများ
၁၁း၁၅	Activities In The City
၁၁း၄၀	MRTV-4 ကာတွန်းအစီအစဉ်
၁၂း၁၀	Industrial Talk
၁၂း၄၅	စားချင်စဖွယ်နည်းအသွယ်သွယ်
၁း၀၀	"ခေမာထေရီဘိက္ခုနီမအကြောင်း" တရားတော်
၂း၀၀	MRTV-4 သတင်း
၂း၂၀	စကားနပန်း
၃း၂၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (ဇာတ်သိမ်းပိုင်း)**
၄း၂၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်"(အပိုင်း-၅၈)**
၅း၁၀	Lurnine Perfect Health၏ ကျန်းမာရေးဝန်ဆောင်မှု
၅း၃၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၆း၀၀	MRTV-4 သတင်း
၆း၂၀	ရန်ကုန်မြင်ကွင်းကျယ်
၆း၃၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁)**
၇း၁၅	Activities In The City
၇း၂၅	Cartoon Show Time
၈း၀၀	MRTV-4 သတင်း
၈း၃၀	ဖွံ့ဖြိုးသာယာကောလင်းမြေမှာ
၈း၅၀	ရွှေပြည်သာမြို့နယ်သာသနာ့နွယ်ဝင်သီလရှင်များအား ဆွမ်းဆန်စိမ်းလောင်းလှူပွဲ
၉း၀၅	Celebrity Style
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၅၉)**
၁၀း၂၀	နေချင်စဖွယ်အိမ်အလှဆင်ကြမယ်
၁၀း၃၅	"ဘိသိက်ပြိုင်"
၁၂း၀၀	World of Knowledge
၁၂း၄၅	ဇဒင်၏ရေကုထုံး
၁၂း၅၅	အများမြင်စရာနှစ်ပါးသဘင်မဟာ
၁း၅၀	ငှက်များစောင့်ကြည့်လေ့လာခြင်း
၁း၅၅	စွဲမက်ဖွယ်ရာရတနာ
၂း၂၀	ဆေးဖက်ဝင်သစ်ခွ၏အသုံးဝင်မှုများထဲမှ. . .
၂း၃၀	ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင်
၂း၅၅	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၃း၅၅	မြန်မာ့လက်ရာ
၄း၁၅	ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)၏မသန်စွမ်းသူများအတွက် Barrier Free
၄း၄၀	မုံရွာမြို့သို့အလည်တစ်ခေါက်

စိုက်ပျိုးရေးလုပ်ငန်းသုံး ပိုးသတ်ဆေး၊ သဘာဝမြေသြဇာ၊ ဓာတ်မြေသြဇာများ နည်းပညာဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် မေ ၁၀

စိုက်ပျိုးရေးလုပ်ငန်းသုံး ပိုးသတ်ဆေးများ၊ သဘာဝမြေသြဇာများနှင့် ဓာတ်မြေသြဇာများ တင်သွင်းဖြန့်ဖြူး ရောင်းချလျက်ရှိသည့် မဂ္ဂနိတ်လုပ်ငန်းစုကုမ္ပဏီလီမိတက်သည် ၎င်း၏ အရောင်းကိုယ်စားလှယ်များ တွေ့ဆုံပွဲနှင့် Zagro ပိုးသတ်ဆေးများဆိုင်ရာ နည်းပညာဆွေးနွေးပွဲ အခမ်းအနားကို ရန်ကုန် တက္ကသိုလ် လှိုင်နယ်မြေရှိ Myanmar Info-tech အခန်းအမှတ်(၂၀၅)၌ ဧပြီ ၂၆ ရက်တွင် ကျင်းပခဲ့သည်။

Zagro Singapore Pte.,Ltd.မှ ပိုးသတ်ဆေးများ၊ ရောဂါကာကွယ်ဆေးများ၊ ပေါင်းသတ်ဆေးများနှင့် Indonesia နိုင်ငံမှ Tractor အမှတ်တံဆိပ် Compound ဓာတ်မြေသြဇာများကို စိုက်ပျိုးရေးဈေးကွက်များသို့ ဖြန့်ချိရောင်းချလျက်ရှိသည့်အပြင် မွေးမြူရေးအစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းအတွက် ထုတ်လုပ်သော ရွှေပြည်တိုးရွက်ဖျန်းမြေသြဇာ၊ နာဘိုဖာ သဘာဝမြေသြဇာနှင့် အားဖြည့်သဘာဝမြေသြဇာများကိုလည်းကောင်း၊ ကုမ္ပဏီမှ ထုတ်လုပ်သည့် မဂ္ဂနိတ်ရွက်ဖျန်းမြေသြဇာများကိုလည်း ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရသည်။

ရှင်းလင်းဆွေးနွေး

အခမ်းအနားတွင် Zagro Singapore Pte., Ltd.မှ နည်းပညာရှင် Mr.Robi က ထုတ်လုပ်ဖြန့်ဖြူးနေသည့် ဆေးများ၏ စံချိန်စံညွှန်းနှင့် သုံးစွဲမှုပုံစံ၊ ဖော်စပ်မှုပုံစံသွင်ပြင် လက္ခဏာ၊ ထိရောက်မှုပုံစံ၊ နှိမ်နင်းနိုင်သည့်ပိုး၊ ရောဂါများ၊ သုံးစွဲသူ အန္တရာယ်ကင်းရှင်းမှု၊ သိုလှောင်မှု နည်းစနစ်များကို ရှင်းလင်းဆွေးနွေးသွားပြီး မဂ္ဂနိတ်လုပ်ငန်းစုဥက္ကဋ္ဌ ဦးဇော်ဝင်းနိုင်အား Zagro Singapore Pte., Ltd. မှ General Manager Mr. Ton Soon Huat က အရောင်းကိုယ်စားလှယ်ခန့်အပ်လွှာ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)** (ကြေးမုံ)

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

ဆွေးနွေးပွဲတက်ရောက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျကာတာမြို့ရှိ Jakarta Convention Centre (JCC) Merak Room (1) ၌ ကျင်းပသည့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် အာဆီယံ ပါလီမန်အဖွဲ့အစည်း (AIPA) ကိုယ်စားလှယ်များ ဆွေးနွေးပွဲသို့ တက်ရောက်စဉ်။

(သတင်းစဉ်)

၂၀၁၅ အာဆီယံအသိုက်အဝန်းပေါ်ပေါက်လာရေး အစိုးရများအပေါ်တွင်သာမှီခို၍မရ၊ ပြည်သူပါဝင်မှုပေါ်တွင်မူတည် အာဆီယံလူငယ်များ အပြန်အလှန်စေလွှတ်ရေးနှင့် ယဉ်ကျေးမှုဖလှယ်ရေးတို့တွင် တိုးမြှင့်ဆောင်ရွက်သွားမည်

နေပြည်တော် မေ ၁၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မေ ၇ ရက် မွန်းလွဲပိုင်းတွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့ရှိ Jakarta Convention Centre (JCC) Merak Room (1)၌ ကျင်းပသည့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့် အာဆီယံ ပါလီမန်အဖွဲ့အစည်း (AIPA) ကိုယ်စားလှယ်များဆွေးနွေးပွဲ၊ အာဆီယံခေါင်းဆောင်များနှင့် လူငယ်ကိုယ်စားလှယ်များ အလွတ်သဘောဆွေးနွေးပွဲနှင့် အာဆီယံခေါင်းဆောင်များနှင့် လူမှုအသိုက်အဝန်း အဖွဲ့အစည်း (Civil Society Organizations - CSOs) ကိုယ်စားလှယ်များ အလွတ်သဘောဆွေးနွေးပွဲတို့သို့ တက်ရောက်သည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတသည် မွန်းလွဲ ၂ နာရီတွင် ကျင်းပသည့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် အာဆီယံပါလီမန်အဖွဲ့အစည်း (AIPA) ကိုယ်စားလှယ်များ ဆွေးနွေးပွဲသို့ တက်ရောက်သည်။

အဆိုပါ ဆွေးနွေးပွဲသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် အာဆီယံပါလီမန်အဖွဲ့အစည်း (AIPA) မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

လည်း မူတည်ကြောင်း၊ အာဆီယံနိုင်ငံများ၏ ဘုံအကျိုးစီးပွားအတွက် ပညာရေး၊ စွန့်ဦးတီထွင်မှုနှင့် ယဉ်ကျေးမှုအစီအစဉ်များကို ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းလုပ်ငန်းစဉ်များသည် လူထုဗဟိုပြု အာဆီယံ ပေါ်ပေါက်လာရေးကို အားဖြည့်ပေးမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသည့် လူငယ်ကိုယ်စားလှယ်များက အာဆီယံ အသိုက်အဝန်း ထူထောင်ရေးလုပ်ငန်းစဉ်ကို လူငယ်များက ထောက်ခံအားပေးပါကြောင်း၊ လူငယ်များအနေဖြင့် ခေါင်းဆောင်မှု၊ စွန့်ဦးတီထွင်မှု မဟုတ်သော ကမ္ဘာ့စိန်ခေါ်မှုများ ပေါ်ပေါက်လာမှုအပါအဝင် ၂၀၁၅ အာဆီယံ အသိုက်အဝန်း ရည်မှန်းချက်များရရှိရန် အစိုးရနှင့်လူမှုအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဒေသအတွင်း အရေးပါသော ကိစ္စရပ်များတွင် အရှိန်မြှင့်တင်ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

အလွတ်သဘော ဆွေးနွေး

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျကာတာမြို့ရှိ Jakarta Convention Centre (JCC) Merak Room (1) ၌ ကျင်းပသည့် အာဆီယံခေါင်းဆောင်များနှင့် လူမှုအသိုက်အဝန်း အဖွဲ့အစည်း (Civil Society Organizations-CSOs) ကိုယ်စားလှယ်များ အလွတ်သဘော ဆွေးနွေးပွဲသို့ တက်ရောက်စဉ်။

(သတင်းစဉ်)

ဆွေးနွေးပွဲတွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူစီလိုဘန်ဘန်း ယူဒိုရိုနိုက နှုတ်ခွန်းဆက်စကား ပြောကြားပြီး ပါလီမန်အမတ်များပါဝင်သည့် အာဆီယံပါလီမန်များ ညီလာခံမှ လူထုဗဟိုပြု အာဆီယံဖြစ်ရေး၊ အာဆီယံနှင့် အာဆီယံပါလီမန်များ ညီလာခံတို့အကြား နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် အာဆီယံပါလီမန်အမတ်များ ညီလာခံကိုယ်စားလှယ်များက အာဆီယံနှင့် အာဆီယံပါလီမန်များ ညီလာခံတို့ ဆက်လက်ပူးပေါင်းဆောင်ရွက်ရေး၊ အာဆီယံဒေသတွင်း စီးပွားရေးဖွံ့ဖြိုးမှု ကွာဟချက်ကို လျှော့ချရေး၊ ကုလသမဂ္ဂထောင်စုနှစ်ရည်မှန်းချက်များ အကောင်အထည်ဖော်ရေး၊ စားနပ်ရိက္ခာနှင့် စွမ်းအင်လုံခြုံရေး၊ ဘေးအန္တရာယ်လျှော့ပါးရေး၊ အမျိုးသမီးနှင့် ကလေးသူငယ်များ ကာကွယ်ရေး၊ အငြင်းပွားမှုများ ငြိမ်းချမ်းစွာဖြေရှင်းရေး၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် အာဆီယံဒေသတွင်း လူ့အခွင့်အရေးမြှင့်တင်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

ယင်းနောက် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများက ဆွေးနွေးတင်ပြမှုများအပေါ် ၎င်းတို့၏အမြင်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ညနေ ၃ နာရီခွဲတွင် ကျင်းပသည့် အာဆီယံခေါင်းဆောင်များနှင့် လူငယ်ကိုယ်စားလှယ်များ အလွတ်သဘော ဆွေးနွေးပွဲသို့ တက်ရောက်သည်။

ဆွေးနွေးပွဲသို့ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့် လူငယ်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌ အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတက ၂၀၁၅ ခုနှစ် အာဆီယံအသိုက်အဝန်း ပေါ်ပေါက်လာရေးမှာ အစိုးရများအပေါ်တွင်သာ မှီခို၍မရကြောင်း၊ ပြည်သူလူထု ပါဝင်မှုပေါ်တွင် အခန်းကဏ္ဍများ၊ အာဆီယံလူငယ်များ အပြန်အလှန်စေလွှတ်ရေးနှင့် ယဉ်ကျေးမှုဖလှယ်ရေးတို့တွင် တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးကြသည်။

ယင်းနောက် အာဆီယံခေါင်းဆောင်များနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့က ၎င်းတို့၏ အမြင်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပြောကြားကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ညနေ ၄ နာရီ ၁၅ မိနစ်တွင် ကျင်းပသည့် အာဆီယံခေါင်းဆောင်များနှင့် လူမှုအသိုက်အဝန်း အဖွဲ့အစည်း ကိုယ်စားလှယ်များ အလွတ်သဘောဆွေးနွေးပွဲသို့ တက်ရောက်သည်။

ဆွေးနွေးပွဲသို့ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့် လူမှုအသိုက်အဝန်းအဖွဲ့အစည်း ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ ဆွေးနွေးပွဲတွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ အင်ဒိုနီးရှား သမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူစီလိုဘန်ဘန်း ယူဒိုရိုနိုက သမားရိုးကျ

ထို့နောက် လူမှုအသိုက်အဝန်းအဖွဲ့အစည်း ကိုယ်စားလှယ်များက ပင်လယ်ရေကြောင်း လုံခြုံရေး၊ ဘေးအန္တရာယ်လျှော့ပါးရေး၊ ရာသီဥတုပြောင်းလဲမှု၊ စားနပ်ရိက္ခာနှင့် စွမ်းအင်လုံခြုံရေးအတွက် အချင်းချင်း အပြန်အလှန်ချိတ်ဆက်ဆောင်ရွက်ရေး၊ ဝင်ငွေနည်းပါးသူများ ကျန်းမာရေးစောင့်ရှောက်မှုများရရှိရေး၊ ဆင်းရဲမွဲတေမှု လျှော့ကျရေး၊ လက်နက်ကိုင်ပဋိပက္ခများ ငြိမ်းချမ်းစွာဖြေရှင်းရေး၊ လိင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများ ကာကွယ်ရေး၊ စိတ်ချရသော ကိုယ်ဝန်ဆောင်မှုနှင့် မျိုးဆက်ပွားမှုများဖြစ်ပေါ်ရေး၊ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေး စသည်တို့ကို ဆွေးနွေးကြသည်။

ယင်းနောက် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများက လူမှုအသိုက်အဝန်း အဖွဲ့အစည်း ကိုယ်စားလှယ်များ၏ ဆွေးနွေးတင်ပြချက်များအပေါ် ၎င်းတို့၏ အမြင်များကို ရင်းနှီးပွင့်လင်းစွာ ပြန်လည်ဆွေးနွေး ပြောကြားကြသည်။

(သတင်းစဉ်)

ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် စစ်ဆေး

နေပြည်တော် မေ ၁၀

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးသည် မေ ၇ ရက် မွန်းလွဲပိုင်းတွင် စစ်ကိုင်းမြို့ ဒီဇယ်စက်ခေါင်းစက်ရုံ(ရွာထောင်) ထရန်စမစ်ရှင်းရုံ၊ ဒီဇယ်အင်ဂျင်ရုံ၊ အရန်စက်ငယ်ရုံ၊ ဖြုတ်ဆင်ရုံ၊ ဒီဇယ်လျှပ်စစ်ရုံ လုပ်ငန်းခွင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အမှတ်(၃) ခရိုင်ချင်းဆက်လမ်း ပြောင်းဖူးစေ့စီ ကျောက်ချောလမ်းအပိုင်း ခိုင်ခံ့မှုကို ကြည့်ရှုစစ်ဆေးကာ စစ်ကိုင်းမြို့ စက်မှုဇုန်ရှိ သစ်အခြေခံစက်ရုံ၊ ကောင်းစိန်ရက်ကန်းစက်ရုံ၊ ရွှေမြန်မာသံရည်ကျိုစက်ရုံများ၌ ကုန်ပစ္စည်းများ ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် စစ်ကိုင်းမြို့နယ်ပြည်သူ့ဆေးရုံ ခုတင် ၂၀၀ ဆံ့ ဆေးရုံသစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးသည် မေ ၈ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းမြို့ မဟာစည်းခုံကြီး စေတီတော်ပြုပြင်မွမ်းမံနေမှုနှင့် သာသနာ့ဗိမာန်တော် ဆောက်လုပ်မည့် မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးပြီး စူဠာမဏိကောင်းမှုတော် စေတီတော်မြတ်ကြီး သစ်တောပျိုးဥယျာဉ်ရှိ ပျိုးပင်များ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် ချောင်းဦးမြို့နယ် ပြည်သူ့ဆေးရုံ၌ အဖဦးနိုင်ဝင်း၊ အမိဒေါ်အေးမြင့်သန်းတို့မှ မွေးဖွားသည့် ကိုယ်အလေးချိန် ၉ ပေါင် ၁၀ အောင်စရှိ ရင်ချင်းဆက် အမြွှာညီအစ်မတို့အား ကြည့်ရှုအားပေးပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် ပြည်သူ့ဆေးရုံ၌ ကျန်းမာရေးဝန်ထမ်းများ၊ ဆေးရုံကြီးကြပ်မှုကော်မတီ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ ကျန်းမာရေးအဆင့်အတန်းပိုမိုကောင်းမွန်ရေး၊ လူတိုင်းသက်တမ်းစေ့သက်ရှည်ကျန်းမာစွာ နေထိုင်နိုင်ရေးတို့အတွက် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတနှင့် ဇနီးတို့ တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်

နေပြည်တော် မေ ၁၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မေ ၇ ရက် ည ၇ နာရီတွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့ရှိ Jakarta Convention Centre (JCC) Assembly Hall ၌ကျင်းပသည့် အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ ဒေါက်တာ ဆူစီလိုဘန်ဘန်း ယူဒိုရိုနိုနှင့် ဇနီးတို့က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်သည်။

တက်ရောက်

အဆိုပါ ညစာစားပွဲသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ဘရူနိုင်းဒါရုဆလမ်နိုင်ငံဘုရင် ဆူလ်တန်ဟာဂျီဟာဆာနာလ်ဘိုကီးယားမူအစ်ဇာဒင်ဝါဒိုလာ၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင်၊ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ မိုဟာမက်နာဂျစ် ဘင်ထွန်း ဟာဂျီ အဗ္ဗဒူရာဇတ်၊ ဖိလစ်ပိုင်သမ္မတနိုင်ငံသမ္မတ မစ္စတာ ဘီနင်နို အကွီနို၊ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်လွန်းကိုယ်စား ဝါရင့်ဝန်ကြီး ပါမောက္ခ အက်စ်ဂျယာကူးမား၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အဘီဆစ်ဝှဲချာချီဝ၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအဆင့်မြင့်အရာရှိကြီးများ၊အာဆီယံနိုင်ငံများမှ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာ ဆူရင်ပစ်ဆူဝမ်၊ အာဆီယံအမြဲတမ်းကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ကြိုဆိုနှုတ်ဆက်

ရှေးဦးစွာ ညစာစားပွဲသို့ တက်ရောက်လာကြသည့် နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများအား အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတနှင့်ဇနီးတို့က ခင်မင်လှိုက်လှဲစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ၊ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့သည် စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဖျော်ဖြေတင်ဆက်

ယင်းနောက် Assembly Hall ၌ ညစာစားပွဲကို စတင်ကျင်းပရာ အင်ဒိုနီးရှား သမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူစီလိုဘန်ဘန်းယူဒိုရိုနိုက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် တက်ရောက်လာကြသူများအား အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတနှင့် ဇနီးတို့က ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ညစာသုံးဆောင်နေစဉ် အင်ဒိုနီးရှားသံစုံတီးဝိုင်းအဖွဲ့က တေးသံသာများဖြင့် တီးမှုတ် သီဆို ဖျော်ဖြေတင်ဆက်ကြသည်။ (သတင်းစဉ်)

မှတ်တမ်းတင် ဓာတ်ပုံရိုက်

အင်ဒိုနီးရှားသမ္မတ နိုင်ငံသမ္မတနှင့် ဇနီးတို့က တည်ခင်းဧည့်ခံသည့်ညစာစားပွဲသို့ တက်ရောက်လာသည့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နှင့် အင် ဒို နီး ရှား သမ္မတ နိုင်ငံ သမ္မတဒေါက်တာ ဆူ စီ လို ဘန် ဘန်း ယူဒိုရိုနိုတို့ မှတ် တမ်း တင် ဓာတ်ပုံ ရိုက်ကြ စဉ်။
(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျကာတာမြို့ရှိ Jakarta Convention Centre(JCC) Assembly Hall ၌ ကျင်းပသည့် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတနှင့်ဇနီးတို့က တည်ခင်းဧည့်ခံသော ညစာစားပွဲသို့ တက်ရောက်စဉ်နှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူစီလိုဘန်ဘန်း ယူဒိုရိုနိုက နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။
(သတင်းစဉ်)

ကာလအလိုက်ပြောင်းလဲနေမှုများကို မြေပြင်နှင့် မြေပုံကိုက်ညီရေး မြေကြီး မြေပုံနှင့် စာရင်းအင်းမှန်ကန်ရေး ကွင်းဆင်းစစ်ဆေး

နေပြည်တော် မေ ၁၀

ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနသည် လယ်ယာကဏ္ဍ စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ ကိန်းဂဏန်းများကို ပြုစုဆောင်ရွက်ရသောလုပ်ငန်းများအား အဓိကဆောင်ရွက်သော ဌာနဖြစ်ပြီး မြေပြင်နှင့် မြေပုံသည် ဖြစ်ပျက်ပြောင်းလဲလျက်ရှိသော ရေမြေသဘာဝများကြောင့်လည်းကောင်း၊ ဒေသလိုအပ်ချက်အရ ဆောင်ရွက်လျက်ရှိသော ဖွံ့ဖြိုးရေးစီမံကိန်းများအရလည်းကောင်း၊ လူနေမှုဖြစ်စဉ် သဘာဝများအရလည်းကောင်း ကာလအလိုက်ပြောင်းလဲနေမှုများကို မြေပြင်နှင့် မြေပုံကိုက်ညီရေး ဆောင်ရွက်လျက်ရှိရာ ဧပြီ ၃၀ ရက်တွင် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန (ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးနိုင်ဝင်းသည် မော်လမြိုင်ခရိုင် မုဒုံမြို့နယ်မြေစာရင်းဦးစီးဌာနအနေဖြင့် ဆောင်ရွက်လျက်ရှိသော မြေကြီးမြေပုံနှင့်စာရင်းအင်း မှန်ကန်ရေးလုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေး၍ သတ်မှတ်ကာလအတွင်းပြီးစီးရေး မှာကြားခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အရာထမ်းအခြေခံသင်တန်းနှင့် အရာထမ်းလောင်း အခြေခံသင်တန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် မေ ၁၀

အရာထမ်းအခြေခံသင်တန်း အမှတ်စဉ်(၁၈၇)နှင့် အရာထမ်းလောင်း အခြေခံသင်တန်းအမှတ်စဉ်(၃၄) သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၇ နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) အုန်းတောခန်းမ၌ ကျင်းပရာ ဗဟိုဝန်ထမ်းတက္ကသိုလ် ပါမောက္ခချုပ် ဦးဝင်းမောင်က သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

အဆိုပါ သင်တန်းများသို့ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၃၀၀ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မှတ်တမ်းတင်ဓာတ်ပုံရိုက်

အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူစီလိုဘန်ဘန်း ယူဒိုရိုနိုနှင့် ဇနီးတို့က တည်ခင်းဧည့်ခံသည့် ညစာစားပွဲ၌ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။
(သတင်းစဉ်)

ဂျကာတာမြို့ရှိ Jakarta Convention Centre (JCC)Cendrawasih ခန်းမ၌ (၁၈)ကြိမ်မြောက် အာဆီယံ မျက်နှာစုံညီ ထိပ်သီးအစည်းအဝေးကျင်းပစဉ်။ (သတင်းစဉ်)

❊ ကျောဖုံးမှ

အစည်းအဝေးတွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ အိမ်ရှင် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူစီလိုဘန်ဘန်း ယူဒိုရိုနိုက နှုတ်ခွန်းဆက်စကားပြောကြားသည်။

အပြန်အလှန်ဆွေးနွေး

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများသည် စားနပ်ရိက္ခာဖူလုံမှုနှင့် စွမ်းအင်လုံခြုံရေးကဏ္ဍများ၌ စားနပ်ရိက္ခာဖူလုံရေးအတွက် သုတေသနဌာနများ တိုးချဲ့သွားရန်နှင့် စားနပ်ရိက္ခာဖြန့်ဝေမှုတွင်လည်း ညှိနှိုင်းဆောင်ရွက်ရန်ကိစ္စရပ်များ၊ အာဆီယံ+၃ နိုင်ငံများနှင့်လည်း ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှု တိုးချဲ့သွားရန် ကိစ္စရပ်များ၊ စွမ်းအင်လုံခြုံရေးအတွက် ရေနံနှင့်သဘာဝဓာတ်ငွေ့အပြင် renewable energy ကို အသုံးပြုကြရန်နှင့် လျှပ်စစ်စွမ်းအင်လုံခြုံရေးအတွက် ASEAN Power Gridများ အကောင်အထည်ဖော်ဆောင်ရွက်ရန်ကိစ္စများ၊ ၂၀၁၁ခုနှစ်အတွင်း ဘာလီ၌ ASEAN Fair တစ်ခုကို ကျင်းပပြုလုပ်သွားရန်ကိစ္စနှင့် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများကို တိုးမြှင့်ပေးရန်ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အပြန်အလှန် ညှိနှိုင်းဆွေးနွေးကြသည်။

အစည်းအဝေးအပြီးတွင် နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများသည် နေ့လယ်စာကို အတူတကွ သုံးဆောင်ကြသည်။

(သတင်းစဉ်)

ထုတ်လုပ်သောသီးနှံများ ဈေးကွက်ခိုင်မာပြီး တွက်ခြေကိုက်ရေးအတွက် ပြည်တွင်းသာမက ပြည်ပဈေးကွက်လိုအပ်ချက်ကို တွက်ချက် ကူညီအားပေး

နေပြည်တော် မေ ၁၀

လယ်သမားများထုတ်လုပ်သော သီးနှံများဈေးကွက်ခိုင်မာပြီး တွက်ခြေကိုက်ရေးအတွက် ပြည်တွင်းဝယ်လိုအား ဈေးကွက်သာမက ပြည်ပဝယ်လိုအားဈေးကွက်အာမခံချက်ရှိသည်အထိ အရည်အသွေးနှင့်အရေအတွက် ဈေးကွက်လိုအပ်ချက်ကိုပါ တွက်ချက်ပြီးကူညီအားပေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က မေ ၉ ရက် နံနက် ၈ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ကျင်းပသည့် ပထမအကြိမ် နိုင်ငံတော်၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ယင်းဝန်ကြီးဌာနအောက်ရှိ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အထွေထွေမန်နေဂျာများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် မန်နေဂျာများအား ဆွေးနွေးမှာကြားခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက မျိုးကောင်းမျိုးသန့်များကို တောင်သူလယ်သမားများ အသုံးပြုနိုင်ရေးအတွက် မိမိတို့အနေဖြင့် တာဝန်ယူ အကောင်အထည်ဖော်ပေးကြရမည်ဖြစ်ကြောင်း၊ သီးနှံများ တစ်ဧက အထွက်နှုန်းတိုးတက်စေရေးအတွက် အဓိကအခြေခံ အချက်ကြီးများဖြစ်သော မျိုးကောင်းမျိုးသန့်များ ပြောင်းလဲအသုံးပြုရန်လိုအပ်ခြင်း၊ ခေတ်မီသိပ္ပံနည်းကျ စိုက်နည်းစနစ်များကို ပြောင်းလဲအသုံးပြုရန် လိုအပ်ခြင်း၊ စိုက်ပျိုးရေးအပါအဝင် သွင်းအားစု ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာ၊ ပိုးသတ်ဆေးများကို အချိန်ကိုက် အချိုးကျ မှန်မှန်ကန်ကန် အသုံးပြုရန်လိုအပ်ခြင်း၊ မျိုးစေ့၊ သွင်းအားစု၊ လုပ်အားခ၊ စိုက်ပျိုးစရိတ်အပါအဝင် စတင်စိုက်ပျိုးချိန်မှ ရိတ်သိမ်းရောင်းချပြီးသည့်အချိန်အထိ လေလွင့်ဆုံးရှုံးမှု လျော့နည်းကျဆင်းအောင် ဆောင်ရွက်ပေးရန်လိုအပ်ခြင်း၊ ထွက်လာသည့် သီးနှံများအပေါ်တွင် တွက်ခြေကိုက်ပြီး ဈေးကွက်ခိုင်မာအောင် ဆောင်ရွက်ပေးရခြင်းစသည့် အချက်များကို မိမိတို့အနေဖြင့် တောင်သူလယ်သမားများအား ကိုယ်စားပြုပြီး ကိုယ်တိုင်ဦးဆောင်ပါဝင်၍ လည်းကောင်း၊ ပေါင်းစပ်ညှိနှိုင်း ပံ့ပိုးကူညီခြင်း နည်းလမ်းများဖြင့်လည်းကောင်း လက်တွေ့ အကောင်အထည်ဖော်ပေးကြရမည်ဖြစ်ကြောင်းဖြင့်လည်း ထည့်သွင်းဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအုန်းသန်းက နိုင်ငံတော်အဆင့် လယ်ယာစိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု ကော်မတီပြင်ဆင်ဖွဲ့စည်းမှုနှင့် လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ရေးဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးခင်ဇော်က နိုင်ငံတော်အဆင့် စိုက်ပျိုးမြေများ ရေလွှမ်းမိုးမှု ကာကွယ်ရေးနှင့် စိုက်ပျိုးမြေပြန်လည် ဖော်ထုတ်ရေးလုပ်ငန်း ကော်မတီ ပြင်ဆင်ဖွဲ့စည်းမှု၊ လုပ်ငန်းတာဝန်များ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့် လယ်ယာစိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့ ဦးစားပေးလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက နိုင်ငံတော်၏ အဓိကသီးနှံအမယ်ဖြစ်သည့် ဆန်စပါးထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့် တောင်သူလယ်သမားများ ဝင်ငွေတိုးတက်ရရှိ တွက်ခြေကိုက်ရေးအတွက် သိပ္ပံနည်းကျ စိုက်နည်းစနစ် ၁၄ ချက်နှင့် လာမည့် မိုးရာသီတွင် အထွက်နှုန်းကောင်း မျိုးစပါးများ ရွှေ့ပြောင်းစမ်းသပ်ထုတ်လုပ် ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်း တင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာ အကြီးအကဲများ၊ အထွေထွေမန်နေဂျာများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် မန်နေဂျာများသည် နေပြည်တော် ခရိုင် ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုကျေးရွာရှိ စက်မှုလယ်ယာရွှေ့ပြောင်း စံပြဧက(၅၀၀) စိုက်ကွင်းသို့ ရောက်ရှိပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဆောင်ရွက်လျက်ရှိသော ပေါင်စနစ်ဖြင့် ပျိုးထောင်ထားရှိမှုနှင့် စက်မှုလယ်ယာဦးစီးဌာန၏ ကောက်စိုက်စက်များ သရုပ်ပြသမှုကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ဇေယျာသီရိမြို့နယ်ရှိ တောင်သူ ဦးခိုင်စိုးသိန်း၏ တစ်ဧကတင်း ၂၀၀ အထက် ထွက်ရှိမည့် အထွက်ကောင်း စပါးမျိုး ၁ ဒသမ ၃၅ ဧက စိုက်ခင်းကိုလည်းကောင်း၊ စက်မှုလယ်ယာစနစ် မျိုးသန့်ဧက ၃၀ စိုက်ကွင်းစိုက်ပျိုးရေးနှင့် မွေးမြူရေးပေါင်းစည်းလယ်ယာ (Integrated Farming)၌ ပြသထားသော ခေတ်မီရိတ်သိမ်းခြွေလှေ့စက်များနှင့် ကောက်စိုက်စက်များကိုလည်းကောင်း ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် ကျီအင်းကျေးရွာရှိ တစ်ဧက ပျမ်းမျှ တန် ၅၀ အထက် ထွက်ရှိမည့် ဧက ၁၀ မျိုးသန့် မျိုးပွားကြံစိုက်ခင်းကိုလည်း ကြည့်ရှုလေ့လာခဲ့ကြကြောင်းသိရှိရသည်။

(သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် ဒုတိယဝန်ကြီးများ ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုကျေးရွာရှိ စက်မှုလယ်ယာရွှေ့ပြောင်း စံပြဧက(၅၀၀) စိုက်ကွင်း၌ ပေါင်စနစ်ဖြင့် ပျိုးထောင်ထားရှိမှုနှင့် စက်မှုလယ်ယာဦးစီးဌာန၏ ကောက်စိုက်စက်များ သရုပ်ပြသမှုကို ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)

ကာဗွန်ထုတ်လွှတ်မှုလျှော့ချခြင်းနှင့် သန့်ရှင်းသောဖွံ့ဖြိုးမှုလုပ်ငန်းစဉ်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုသင်တန်း ဖွင့်လှစ်

နေပြည်တော် မေ ၁၀

သစ်တောရေးရာဝန်ကြီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ သစ်တောဌာနတို့ ပူးပေါင်းစီစဉ်မှုဖြင့် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရေဆင်းရှိ သစ်တောသုတေသန စုဝေးခန်းမ၌ ကျင်းပသည့် သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားလျော့ကျခြင်းမှ ကာဗွန်ထုတ်လွှတ်မှုလျှော့ချခြင်းနှင့် သန့်ရှင်းသော ဖွံ့ဖြိုးမှုလုပ်ငန်းစဉ်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှု သင်တန်းဖွင့်ပွဲအခမ်းအနား၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက မြန်မာနိုင်ငံတွင် သန့်ရှင်းသောဖွံ့ဖြိုးမှုလုပ်ငန်းစဉ်များ စတင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဆက်စပ်ဝန်ကြီးဌာန (၁၆) ဌာနပါဝင်သည့် အမျိုးသားစီမံကိန်းအုပ်ချုပ်ရေးအဖွဲ့ကို ၂၀၀၆ ခုနှစ်တွင် ဖွဲ့စည်းထားပြီးဖြစ်ကြောင်း၊ သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားလျော့ကျခြင်းမှ ကာဗွန်ထုတ်လွှတ်မှု လျှော့ချခြင်းနှင့် သန့်ရှင်းသော ဖွံ့ဖြိုးမှုလုပ်ငန်းစဉ်ဆိုင်ရာ စီမံကိန်းများ ဆောင်ရွက်အကောင်အထည်ဖော်ခြင်းဖြင့် ကာဗွန်ရောင်းဝယ်မှုလုပ်ငန်းမှ အကျိုးအမြတ်ရရှိနိုင်ကြောင်း၊ ရာသီဥတုပြောင်းလဲမှု လျော့ပါးသက်သာစေရေးနှင့်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကာဗွန်ထုတ်လွှတ်မှု လျှော့ချခြင်းနှင့် သန့်ရှင်းသော ဖွံ့ဖြိုးမှုလုပ်ငန်းစဉ်ဆိုင်ရာ စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုအတွက် ဤသင်တန်းကို ဖွင့်လှစ်ပို့ချခြင်းဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းကို မေ ၁၁ ရက်အထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ပြီး ဌာနဆိုင်ရာများမှ သင်တန်းသား ၄၅ ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစား လျော့ကျခြင်းမှကာဗွန်ထုတ်လွှတ်မှု လျှော့ချခြင်းနှင့် သန့်ရှင်းသော ဖွံ့ဖြိုးမှုလုပ်ငန်းစဉ်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှု သင်တန်း ဖွင့်ပွဲအခမ်းအနား၌ အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ရှေးဟောင်းအမွေအနှစ်များအား မွမ်းမံထိန်းသိမ်း အင်းဝမြို့ဟောင်း ဆင်ကျုံးခံတပ်၏ ရေဝတီမြစ်ဘက်ခြမ်းမျက်နှာစာ မြစ်ရေတိုက်စားမှုကြောင့် ပျက်စီးဆုံးရှုံးမှု မဖြစ်ပေါ်စေရေး ကြိုတင်ကာကွယ်ဆောင်ရွက်ရန် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း မှာကြား

နေပြည်တော် မေ ၁၀

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် မန္တလေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသန်းစိုးမြင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် မေ ၇ ရက်က စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ရှိ ညောင်ရမ်းခေတ်လက်ရာ တိလောကဂုရုလိုဏ်ဂူ၊ စစ်ကိုင်းခံတပ်(ခေါ်) အစေခံ ခံတပ်၊ ထူပါရုံကျောက်စာများ၊ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့ရှိ သပြေတန်းခံတပ်၊ အင်းဝမြို့ဟောင်းရှိ ဆင်ကျုံးခံတပ်နှင့် မဟာအောင်မြေဘုံစံ ကျောင်းတော်ကြီးတို့အား လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ စစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ယဉ်ကျေးမှုဝန်ကြီးဌာနမှ ထိန်းသိမ်းထားသော ရှေးဟောင်းဂူဘုရားများ၊ အဆောက်အအုံများနှင့်ပတ်သက်၍ တိကျသည့် မြေပိုင်ဆိုင်မှုဧရိယာသတ်မှတ်ရရှိရေး၊ အနီးပတ်ဝန်းကျင်တွင် အခြားအဆောက်အအုံသစ်များ တိုးချဲ့ဆောက်လုပ်မှုမရှိစေရေး တာဝန်ရှိသူများက စိစစ်ကြပ်မတ်ရန်၊ ရှေးဟောင်းခံတပ်များ ပျက်စီးမှု မရှိစေရေး၊ ကတုတ်များအတွင်းသို့ ရေဝင်ရောက်၍ ပျက်စီးမှုမရှိစေရေး၊ သန့်ရှင်းသပ်ရပ်မှုရှိရေးနှင့် လာရောက်လေ့လာသူများ ခံတပ်နှင့်ပတ်သက်သည့် သမိုင်းကြောင်းနှင့် အချက်အလက်အပြည့်အစုံကို လေ့လာသိရှိနိုင်ရေးအတွက် စီမံဆောင်ရွက်ပေးသွားရန်၊ ဧရာဝတီမြစ်ရေကြောင်း တည့်တည့်စီးဝင်နေသည့် အင်းဝမြို့ဟောင်းရှိ ဆင်ကျုံးခံတပ်၏ ဧရာဝတီမြစ်ဘက်မျက်နှာစာအား မြစ်ရေတိုက်စားမှုကြောင့် ပျက်စီးဆုံးရှုံးမှု မဖြစ်ပေါ်စေရေး ကြိုတင်ကာကွယ်ဆောင်ရွက်ရန်၊ ရှေးဟောင်းမဟာအောင်မြေဘုံစံကျောင်းအတွင်းရှိ သစ်သားအခင်းများ ပျက်စီးမှုမရှိစေရေး ထိန်းသိမ်းဆောင်ရွက်ရန်တို့ကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း စစ်ကိုင်းမြို့ရှိ ညောင်ရမ်းခေတ်လက်ရာ တိလောကဂုရုလိုဏ်ဂူအား ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား တရုတ်ဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၁၀

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ De Rul Feng Investment Co., Ltd. Yunnan (China) ဥက္ကဋ္ဌ Mr. Guam Yi ဦးဆောင်သောအဖွဲ့သည် ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

အမြင်ချင်းဖလှယ်

ထိုသို့တွေ့ဆုံရာတွင် ကုမ္ပဏီအနေဖြင့် နှစ်နိုင်ငံအကြား ထားဝယ်မြစ်ကြောင်း ရေလမ်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် ဆောင်ရွက်ပေးနိုင်မည့်အခြေအနေများကို တင်ပြပြီး နှစ်ဖက် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ De Rul Feng Investment Co., Ltd. Yunnan (China) ဥက္ကဋ္ဌ Mr. Guam Yi ဦးဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများကို တွန်းအားပေး၊ အကြီးစားစက်မှုလုပ်ငန်းများ ဆက်လက်ထူထောင် ပြည်ပသွင်းကုန်အစားထိုး ထုတ်ကုန်များနှင့် ပြည်ပပို့ကုန်များကို တိုးမြှင့်နိုင်ရေး အစွမ်းကုန်ဆောင်ရွက်

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ အမှတ်(၂) စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏ (၁/၂၀၁၁)ကြိမ်မြောက် အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

နေပြည်တော် မေ ၁၀

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ (၁/၂၀၁၁)ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ အမှတ်(၂) စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက မြန်မာ့စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရပိုင်းက ဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ ပုဂ္ဂလိကပိုင်းမှ ဆောင်ရွက်ရမည့်လုပ်ငန်းများ တိုးတက်ရေးအတွက် အားပေးဆောင်ရွက်သွားရန်။

နိုင်ငံတော်ပိုင်၊ ပုဂ္ဂလိကပိုင်၊ သမဝါယမပိုင်နှင့် စက်မှုဇုန်များရှိ စက်ရုံ၊ အလုပ်ရုံများအား စွမ်းအားပြည့် ထုတ်လုပ်ဆောင်ရွက်နိုင်ရေးအတွက် စွမ်းအင်၊ ကုန်ကြမ်း၊ နည်းပညာ၊ ရင်းနှီးငွေအစရှိသည့် လိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း၊ ညှိနှိုင်းပေးခြင်း၊ လမ်းညွှန်ပေးခြင်းနှင့် ကူညီပံ့ပိုးခြင်းများကို ဆောင်ရွက်သွားရန်။

အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများကို တွန်းအားပေး ဆောင်ရွက်စေပြီး အကြီးစားစက်မှုလုပ်ငန်းများ ဆက်လက်ထူထောင်ခြင်းဖြင့် ပြည်ပသွင်းကုန်အစားထိုးထုတ်ကုန်များနှင့် ပြည်ပပို့ကုန်များကို တိုးမြှင့်နိုင်ရေး အစွမ်းကုန်ဆောင်ရွက်နိုင်ရန်အတွက် ကူညီဆောင်ရွက်သွားရန်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရာတွင် ခေတ်မီစက်မှုနိုင်ငံတော်ကြီးအဖြစ် အချိန်တိုအတွင်း ထိရောက်အောင်မြင်စွာ တည်ဆောက်သွားရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့ပြင် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သင့်သည့် စက်ရုံများဖြစ်သည့် လူသုံးကုန်ပစ္စည်းထုတ်လုပ်သည့် အပေါ့စားစက်မှုလုပ်ငန်း (Light Industry)၊ စက်မှုပစ္စည်းများထုတ်လုပ်သည့် အကြီးစားစက်မှုလုပ်ငန်း (Heavy Industry)၊သွင်းကုန်အစားထိုးစက်မှုလုပ်ငန်းများ (Import Substitution Industry)၊ ပို့ကုန်တင်ပို့ရန်ရည်ရွယ်သည့် စက်မှုလုပ်ငန်းများ (Export Oriented Industry)၊ အရင်းအနှီးနည်းနည်း၊ စက်ကိရိယာနည်းနည်းနှင့် လူ၏လုပ်အားကို အဓိကသုံးသည့် စက်မှုလုပ်ငန်းများ (Labour Intensive Industry)နှင့် အရင်းအနှီးကြီးကြီး၊ စက်ကိရိယာများများ ငွေအားကို အဓိကအသုံးပြုသည့် စက်မှုလုပ်ငန်းများ (Capital Intensive Industry) တို့အနက် မိမိနိုင်ငံ၏ စီးပွားရေးတိုးတက်မှုကို အများဆုံး

အထောက်အကူအကျိုးပြုမည့်လုပ်ငန်းများကို ရေတို၊ ရေရှည်အစီအမံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် အရေးကြီးကြောင်းလည်း ထည့်သွင်းပြောကြားခဲ့သည်။

ထို့နောက် စက်ရုံများ ခေတ်မီတိုးတက်စေရန် Clean, Green Tech Factories, Energy Conservation, Energy Saving, Renewable Energy နှင့် သဘာဝပတ်ဝန်းကျင် မထိခိုက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရေး၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများအတွက် စက်မှုဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေရရှိရေး၊ ဝန်ကြီးဌာနများအနေဖြင့် Integrated Industries အသွင်ဖြင့် တူညီသော စက်မှုထုတ်ကုန်များ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရေး၊ စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောငွေရေးကြေးရေးနှင့် နည်းပညာအကူအညီပေးအပ်ရေးတို့ကို ရှင်းလင်းပြောကြားခဲ့သည်။

နိုင်ငံတော် ရေရှည်တိုးတက်ဖွံ့ဖြိုးရန် စက်မှုကဏ္ဍ တိုးတက်ရမည်ဖြစ်ကြောင်း၊ အနာဂတ်တိုးတက်ရေးအတွက် Industrialized Nation ဖြစ်အောင် ကြိုးပမ်းကြရန် လိုအပ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီး ဦးမျိုးအောင်၊ ဒုတိယဝန်ကြီး ဦးသိန်းအောင်၊ ဒုတိယဝန်ကြီး ဦးခင်ဇော်၊ ဒုတိယဝန်ကြီး သူရဦးသောင်းလွင်နှင့် မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်းမှ ဦးဇော်မင်းဝင်းနှင့် ဦးပေါဟိန်းတို့က စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံပြုဆွေးနွေးတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် နေပြည်တော်၌ အိမ်ရှင်အဖြစ် ကျင်းပမည် ထိုက်တန်သော နိုင်ငံ့ဂုဏ်ဆောင် အောင်မြင်မှုရရှိရေး အလားအလာရှိသည့် အားကစားသမားများ ရှာဖွေ ယခုကျင်းပမည့် အားကစားပြိုင်ပွဲတွင် အားကစားနည်းအမျိုးပေါင်း ၃၀ ထည့်သွင်းကျင်းပရန် လျာထား

နေပြည်တော်　　မေ　　၁၀

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေး ကြိုတင်ပြင်ဆင်မှု ဦးဆောင်ကော်မတီ ပထမအကြိမ် အစည်းအဝေးကို ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (MICC)၌ ကျင်းပရာ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကြိုတင်ပြင်ဆင်မှု ဦးဆောင်ကော်မတီ နာယက နိုင်ငံတော်ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

လက်ခံကျင်းပမည်

ရှေးဦးစွာ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကြိုတင်ပြင်ဆင်မှု ဦးဆောင်ကော်မတီနာယက နိုင်ငံတော်ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အဖွင့်အမှာစကားပြောကြားရာတွင် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို လာမည့် ၂၀၁၃ ခုနှစ် ဒီဇင်ဘာလအတွင်း နေပြည်တော်၌ မိမိတို့က အိမ်ရှင်အဖြစ် ဧည့်ခံကျင်းပရမည်ဖြစ်ကြောင်း၊ အရှေ့တောင်အာရှကျွန်းဆွယ်အားကစားပြိုင်ပွဲများကို ၁၉၅၉ ခုနှစ်မှစပြီး နှစ်နှစ်တစ်ကြိမ် ကျင်းပခဲ့ရာ မြန်မာနိုင်ငံအနေဖြင့် ၁၉၆၁ ခုနှစ်တွင် ပထမအကြိမ်၊ ၁၉၆၉ ခုနှစ်တွင် ဒုတိယအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ကြောင်း၊ အကြောင်းအမျိုးမျိုး၊ အခြေအနေအမျိုးမျိုးတို့ကြောင့် ၄၄ နှစ်ကြာခဲ့ပြီး ယခုမှ တတိယအကြိမ်အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်း၊ ဤကဲ့သို့ လက်ခံကျင်းပနိုင်ခြင်းမှာ နိုင်ငံတော်အတွက် ဂုဏ်ယူဖွယ်ရာစွမ်းဆောင်မှုဟု ခံယူကြောင်း။

ပြိုင်ပွဲကြီးအောင်မြင်စွာ လက်ခံကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှု ဦးဆောင်ကော်မတီ၌ မိမိ နာယကအဖြစ်ပါဝင်မည်ဖြစ်ပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများပါဝင်လျက် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို တာဝန်ယူဦးဆောင်သွားရန် အားကစားပြိုင်ပွဲကျင်းပရေး ကြိုတင်ပြင်ဆင်မှု ဦးဆောင်ကော်မတီအဖြစ် ပြင်ဆင်ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ကြောင်း။

ဦးဆောင်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ-

(၁) အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး၊
(၂) လိုအပ်သောရန်ပုံငွေရရှိရေးကို ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ ညှိနှိုင်းဆောင်ရွက်ရေး၊
(၃) အားကစားကွင်းနှင့် တည်းခိုအဆောက်အအုံများ အချိန်မီ ပြီးစီးရေး၊
(၄) ဝင်ရောက်ယှဉ်ပြိုင်သောပြိုင်ပွဲတိုင်း အောင်နိုင်ရေး၊
(၅) မြန်မာ့ရိုးရာအစဉ်အလာနှင့်အညီ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးတို့ဖြစ်ကြောင်း။

ယင်းလုပ်ငန်းတာဝန်များ အောင်မြင်ပြီးစီးနိုင်ရေးအတွက် ဦးဆောင်ကော်မတီအောက်တွင် ဆပ်ကော်မတီများထပ်ဖွဲ့ပြီး ပြည်ထောင်စုဝန်ကြီးများကို အထူးတာဝန်အနေဖြင့် ဖွဲ့စည်းတာဝန်ပေးထားကြောင်း၊ ယင်းတို့မှာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဥက္ကဋ္ဌအဖြစ်ပါဝင်သော အားကစားကွင်းနှင့် အားကစားအဆောက်အအုံများ တည်ဆောက်ရေးဆပ်ကော်မတီ၊ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌအဖြစ် ပါဝင်သော ပြိုင်ပွဲအောင်နိုင်ရေးနှင့် ကြိုတင်လေ့ကျင့်ရေးဆပ်ကော်မတီ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင် လေ့ကျင့်ရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန နှင့် ယဉ်ကျေးမှုဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးကျော်ဆန်း ရှင်းလင်း တင်ပြစဉ်။
(သတင်းစဉ်)

ဥက္ကဋ္ဌအဖြစ်ပါဝင်သော ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီတို့ဖြစ်ကြကြောင်း၊ နောက်ထပ်လိုအပ်သော ဆပ်ကော်မတီများဖြစ်သည့် လုံခြုံရေး၊ ဘဏ္ဍာရှာဖွေရေး၊ ကျန်းမာရေး၊ ပို့ဆောင်ဆက်သွယ်ရေး၊ ကြိုဆိုနေရာချထားရေး၊ ဧည့်ခံကျွေးမွေးရေး၊ စီမံခန့်ခွဲရေး၊ ဆုချီးမြှင့်ရေး၊ မှတ်တမ်းတင်ရေး စသည့် ဆပ်ကော်မတီများကိုလည်း လိုအပ်ပါက ညှိနှိုင်းတိုင်ပင်ဖြည့်စွက်သွားမည်ဖြစ်ကြောင်း။

ပြိုင်ပွဲကို လက်ခံကျင်းပနိုင်ရေးအတွက် လိုအပ်သော အားကစားကွင်းများ၊ အားကစားရုံများနှင့် အဆောက်အအုံများကို စတင်ဆောက်လုပ်နေပြီဖြစ်ကြောင်း၊ နေပြည်တော် ဇမ္ဗူသီရိအားကစားရုံ၊ ဇေယျာသီရိအားကစားရုံတို့၌ ပရိသတ် ၃၀၀၀၀ ဆံ့ ပွဲကြည့်စင်နှင့် အမိုးပါဘောလုံးကွင်းများကို တည်ဆောက်နေပြီဖြစ်

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကြိုတင်ပြင်ဆင်မှု ဦးဆောင်ကော်မတီ နာယက နိုင်ငံတော်ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကျင်းပရေး ကြိုတင်ပြင်ဆင်မှု ဦးဆောင်ကော်မတီ ပထမအကြိမ် အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။
(သတင်းစဉ်)

သကဲ့သို့ အားကစားရုံများနှင့် အမိုးပါပွဲကြည့်စင်များပါသော ရေကူးကန်တို့ကိုလည်း စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း။

လက်ရှိ ဆောက်လုပ်ဆဲ၊ ဆောက်လုပ်ရန် ပြင်ဆင်နေသော အားကစားရုံ၊ ရေကူးကန်တို့အပြင် ထပ်မံလိုအပ်သည့် အားကစားရုံများ၊ ပြိုင်ပွဲဝင် အားကစားသမားများ၊ အုပ်ချုပ်သူများ၊ နည်းပြများစသည့် အင်အား ၅၂၀၀ ဆံ့ အားကစားရွာနှင့် တခြားအုပ်ချုပ်မှု၊ စီမံခန့်ခွဲမှုဆိုင်ရာ အဆောက်အအုံများကိုလည်း အဆင့်မြင့် တည်ဆောက်နိုင်ရန်အတွက် လုပ်ငန်းကဏ္ဍအလိုက် လိုအပ်ချက်များတင်ပြကြရန် ဖြစ်ကြောင်း။

စခန်းသွင်းလေ့ကျင့်

ထို့အပြင် အိမ်ရှင်နိုင်ငံအဖြစ်လက်ခံကျင်းပမည့် ယခုပြိုင်ပွဲ၌ ထိုက်တန်သော နိုင်ငံ့ဂုဏ်ဆောင် အောင်မြင်မှုရရှိရေးအတွက် ယခုကတည်းက အလားအလာရှိသည့် အားကစားသမားများရှာဖွေစုစည်းပြီး စခန်းသွင်းလေ့ကျင့်သွားရန်လိုအပ်ကြောင်း၊ ယခုကျင်းပမည့် အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံအနေဖြင့် အားကစားနည်း အမျိုးပေါင်း ၃၀ ထည့်သွင်းကျင်းပရန် လျာထားပြီးဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သော ၁၉၆၁ ခုနှစ် အရှေ့တောင်အာရှကျွန်းဆွယ် ပြိုင်ပွဲ၌ ဆုတံဆိပ်ပေါင်း ၁၀၄ ခုနှင့် ပထမရခဲ့ကြောင်း၊ အလားတူ ၁၉၆၉ ခုနှစ် ပြိုင်ပွဲတွင်လည်း ဆုတံဆိပ်ပေါင်း ၁၄၉ ခုနှင့် ပထမဆု ထပ်မံရရှိထားခြင်းကြောင့် အိမ်ရှင်အဖြစ် လက်ခံကျင်းပတိုင်း ပထမအဆင့်ဖြင့် ဆွတ်ခူးအောင်မြင်ခဲ့သည်ကို တွေ့ရမည်ဖြစ်ကြောင်း။

ထို့ကြောင့် ယခု တတိယအကြိမ် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပရာတွင်လည်း မြန်မာအားကစားအဖွဲ့များ၏ ယခင်အောင်မြင်ခဲ့သော သမိုင်းမှတ်တိုင်နှင့်အတူ သမိုင်းမှတ်တိုင်သစ်များ ထပ်မံစိုက်ထူနိုင်ရေးအတွက် အလေးအနက်ထား ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း။

အမျိုးသားရေးဟန်ပန်

(၂၇)ကြိမ်မြောက် ကျင်းပမည့် ပြိုင်ပွဲတွင် အသုံးပြုမည့် အထိမ်းအမှတ်ရုပ်ပုံ Logo နှင့် Mascot လာဘ်ကောင် ရုပ်ပုံများ၊ ပြိုင်ပွဲပိုစတာများ၊ အင်တာနက်ဝက်ဆိုက်များ၊ လက်ကမ်းစာစောင်များ၊ အားစားဝတ်စုံများ၊ ဆုအထိမ်းအမှတ်အရုပ်များ၊ အမှတ်တရလက်ဆောင်ပစ္စည်းများ အားလုံးပေါ်တွင် ပါသွားမည့် Logo နှင့် Mascot များသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီပြီး အမျိုးသားရေးဟန်ပန် ပါရှိသော Logo နှင့် Mascot ရုပ်ပုံများ ဖြစ်ရန်လည်း အရေးကြီးကြောင်း။

တည်ဆောက်ဆဲ အားကစားကွင်းများ၊ အားကစားရုံများတွင် ပြိုင်ပွဲများကို အဆင်ပြေချောမွေ့စွာကျင်းပနိုင်ရေးနှင့် အပြည်ပြည်ဆိုင်ရာ အားကစားအဖွဲ့ချုပ်မှ သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိစေရေး အလေးထားဆောင်ရွက်ကြရန်၊ ပြိုင်ပွဲသုံး ခေတ်မီအားကစားပစ္စည်း Sport Equipment များ အချိန်မီ မှာယူတပ်ဆင်နိုင်ရန်အတွက် ယခုကတည်းက ကြိုတင်တွက်ချက်စီစဉ်သွားကြရန် ဖြစ်ကြောင်း။

ပြိုင်ပွဲကာလအတွင်း ဧည့်သည်တော်များနှင့် ပြိုင်ပွဲဝင်နိုင်ငံအသီးသီးမှ အားကစားအဖွဲ့များကို တွဲဖက်ပေးထားရမည့် ဆက်ဆံရေး(စကားပြန်) လူငယ်များကို လုံလုံလောက်လောက်ရှိစေရန်အတွက် ကြိုတင်ရွေးချယ်လေ့ကျင့်ပေးရေး၊ အားကစားအမျိုးအစားအလိုက် ပြိုင်ပွဲများကို ကြီးကြပ်ဆောင်ရွက်မည့် ဒိုင်နှင့်

ဂျူရီများကို ပြည်တွင်းတွင် ရွေးချယ်လေ့ကျင့်ခြင်း၊ ပြည်ပသို့ သင်တန်းများ စေလွှတ်ပေးခြင်း၊ ပြည်ပပြိုင်ပွဲများသို့ စေလွှတ်တာဝန်ပေးခြင်းဖြင့် နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်များရရှိရေး ကြိုတင်ဆောင်ရွက်သွားရန်လည်း လိုအပ်ကြောင်း။

ထို့ကြောင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီး တည်ငြိမ်အေးချမ်းအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ကြရာတွင် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်များဖြစ်သော ပွင့်လင်းမှု၊ တာဝန်ခံမှု၊ ဥပဒေနှင့်အညီ ဆောင်ရွက်မှု၊ ပြည်သူလူထု၏ဆန္ဒကို အလေးထားမှု စသည်တို့ကို အခြေခံမှု

(၂၇)ကြိမ်မြောက် အရှေ့တောင် အာရှ အားကစားပြိုင်ပွဲ ကြိုတင်ပြင်ဆင်မှု ဦးဆောင် ကော်မတီဒုတိယ ဥက္ကဋ္ဌ နေပြည်တော် ကောင်စီ ဥက္ကဋ္ဌ ဦးသိန်းညွန့် ရှင်းလင်းတင်ပြစဉ်။
(သတင်းစဉ်)

အဖြစ် ခံယူကျင့်သုံးသွားကြရန်နှင့် ဦးဆောင်ကော်မတီ၏ ရည်မှန်းချက်များဖြစ်သော-

- (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီး ခံ့ညားထည်ဝါစွာ ကျင်းပနိုင်ရေး၊
- မြန်မာအားကစားလောက၏ အောင်မြင်မှုသမိုင်းမှတ်တိုင်သစ်များ ပြန်လည်စိုက်ထူနိုင်ရေး၊
- နိုင်ငံအသီးသီးမှ ရောက်ရှိလာမည့် အားကစားသမားများနှင့် ဧည့်သည်တော်များအား မိမိတို့၏ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် ယဉ်ကျေးသိမ်မွေ့သည့်၊ ဧည့်ဝတ်ကျေပွန်သည့်၊ စိတ်ရင်းစေတနာကောင်းသည့် နိုင်ငံဖြစ်ကြောင်း ပြသနိုင်ရေးအတွက် ကြွရောက်လာကြသော ပုဂ္ဂိုလ်များအားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြပါဟု တိုက်တွန်းမှာကြားပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကြိုတင်ပြင်ဆင်မှု ဦးဆောင်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက အရှေ့တောင်အာရှအားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်မှုနှင့် မြန်မာနိုင်ငံက ဆုတံဆိပ်ရရှိမှုအခြေအနေ၊ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် အားကစားနည်း (၃၀)နှင့် ရွှေတံဆိပ်ချီးမြှင့်မည့်အခြေအနေ၊ အားကစားကွင်း/အားကစားရုံ လိုအပ်ချက်များ၊ ဆောက်လုပ်ဆဲ အားကစားကွင်း/အားကစားရုံများနှင့် လျာထားအားကစားနည်းများ၊ ထပ်မံဆောက်လုပ်ရန်လိုအပ်သည့် အားကစားကွင်း/အားကစားရုံများ၊ ထပ်မံဆောက်လုပ်ရန်လိုအပ်သည့် အုပ်ချုပ်မှုအဆောက်အအုံများ၊ မွမ်းမံပြင်ဆင်မည့်ခန်းမများ၊ မြန်မာကွန်ဗင်းရှင်းစင်တာ (MICC)၌ နေ့အလိုက် အခန်းအလိုက် အသုံးပြုမည့်အစီအစဉ်၊ အိမ်ရှင်နိုင်ငံအဖြစ် အောင်မြင်စွာလက်ခံကျင်းပနိုင်ရေးအတွက် ဦးဆောင်ကော်မတီ၊ ဆပ်ကော်မတီများ ဖွဲ့စည်းထားရှိမှု၊ ပြိုင်ပွဲအထိမ်းအမှတ်တံဆိပ် (Logo) နမူနာပုံစံနှင့် ပြိုင်ပွဲအထိမ်းအမှတ်လာဘ်ကောင် (Mascot) နမူနာပုံစံ၊ ပြိုင်ပွဲဝင်အသင်းများ၌ တွဲဖက်ထားရှိမည့် ဆက်ဆံရေး/စကားပြန်လူငယ်များ ရွေးချယ်လျာထားမှု၊ အားကစားနည်းအလိုက် ရွေးချယ်လေ့ကျင့်ပေးရန် လိုအပ်မည့် ဒိုင်/ဂျူရီများ ရွေးချယ်လျာထားမှု၊ ပြိုင်ပွဲအလိုက် အသုံးပြုရမည့် ပြိုင်ပွဲသုံး အထောက်အကူပြုအားကစားပစ္စည်းများ လိုအပ်ချက်၊ ပြိုင်ပွဲနေ့အလိုက် အစီအစဉ် အကြံပြုလျာထားချက်နှင့် ပြိုင်ပွဲအတွက် Main Sponsor နှင့် Co Sponsor များ စိစစ်ရွေးချယ်ခြင်းတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆွေးနွေးတင်ပြ

ယင်းနောက် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကြိုတင်ပြင်ဆင်မှု ဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသိန်းညွန့်က နေပြည်တော်တည်ဆောက်ရေး အထူးစီမံကိန်းအဖွဲ့၏ ကြိုတင်

- ❍ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သော ၁၉၆၁ ခုနှစ် အရှေ့တောင်အာရှကျွန်းဆွယ်ပြိုင်ပွဲ၌ ဆုတံဆိပ်ပေါင်း ၁၀၄ ခုနှင့် ပထမရခဲ့။
- ❍ ၁၉၆၉ ခုနှစ် ပြိုင်ပွဲတွင်လည်း ဆုတံဆိပ်ပေါင်း ၁၄၉ ခုနှင့် ပထမဆု ထပ်မံရရှိထား။
- ❍ အိမ်ရှင်အဖြစ် လက်ခံကျင်းပတိုင်း ပထမအဆင့်ဖြင့် ဆွတ်ခူးအောင်မြင်ခဲ့သည်ကို တွေ့ရမည်ဖြစ်။
- ❍ ယခု တတိယအကြိမ် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပရာတွင် မြန်မာအားကစားအဖွဲ့များ၏ ယခင်အောင်မြင်ခဲ့သော သမိုင်းမှတ်တိုင်နှင့်အတူ သမိုင်းမှတ်တိုင်သစ်များ ထပ်မံစိုက်ထူနိုင်ရေးအတွက် အလေးအနက်ထား ကြိုးပမ်းဆောင်ရွက်။

ဆောက်လုပ်ရန် ခွင့်ပြုထားသည့် အဆောက်အအုံများအခြေအနေနှင့် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် ပြီးစီးရန် လျာထားဆောင်ရွက်မှု၊ Sport Complex အတွင်းရှိ အဆင့်မြင့်ဘောလုံးကွင်းများ၊ ရေကူးကန်၊ ဘော်လီဘောအားကစားကွင်း၊ ဘိုးလင်းအားကစားကွင်း၊ ဘိလိယက်အားကစားခန်းမ၊ တင်းနစ်အားကစားကွင်း၊ ဘတ်စကက်ဘောအားကစားရုံ၊ မြားပစ်အားကစားကွင်းနှင့် အားကစားရွာများ တည်ဆောက်နေမှုအခြေအနေနှင့် သတ်မှတ်ကာလမတိုင်မီ ပြီးစီးအောင် တည်ဆောက်သွားရန် စီစဉ်ဆောင်ရွက်ထားမှု၊ နေပြည်တော်အတွင်း တည်ဆောက်ဆဲဟိုတယ်များပြီးစီးပါက ဧည့်သည်များ တည်းခိုနိုင်မည့်အခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ရွေးချယ်သတ်မှတ်

ဆက်လက်၍ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက အင်ဒိုနီးရှားသမ္မတနိုင်ငံ၌ ကျင်းပမည့် ၂၀၁၁ ခုနှစ် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားတွင် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအလံသွားရောက်လက်ခံရာ၌ ဖျော်ဖြေရေးအစီအစဉ်များကို နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေး၊ အခြားနိုင်ငံများထက် မနိမ့်ကျစေရေးနှင့် အိမ်ရှင်နိုင်ငံအဖြစ် ဖိတ်ခေါ်သည့် အသွင်ရှိရေးဟူသော ရည်ရွယ်ချက် (၃)ရပ်ချမှတ်၍ ဆောင်ရွက်သွားမည့်အခြေအနေ၊ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို အစီအစဉ်(၁၆)ခုဖြင့် လည်းကောင်း၊ ပိတ်ပွဲအခမ်းအနားကို အစီအစဉ်(၁၇)ခုဖြင့် လည်းကောင်း ကျင်းပရန်လျာထားမှု၊ အင်ဒိုနီးရှားသမ္မတနိုင်ငံတွင် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ မကျင်းပမီ ကြိုတင်ပြင်ဆင်နေမှုအခြေအနေများကို လေ့လာရေးအဖွဲ့များ စေလွှတ်လေ့လာနိုင်ရေးနှင့် ပြိုင်ပွဲအထိမ်းအမှတ်တံဆိပ် (Logo)နှင့် ပြိုင်ပွဲအထိမ်းအမှတ်လာဘ်ကောင် (Mascot)များ ရွေးချယ်သတ်မှတ်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသူများက (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

တီထွင်ကြံဆဆောင်ရွက်

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး အားကစားအဖွဲ့ချုပ်အသီးသီးနှင့် ဌာနဆိုင်ရာများအားလုံးအနေဖြင့် အဆိုပါအားကစားပြိုင်ပွဲကြီးတွင် မြန်မာ့လူ့အဖွဲ့အစည်းတစ်ရပ်လုံး၏စည်းလုံးညီညွတ်ခြင်း၊စည်းစနစ်ကျနခြင်း၊ ပေါင်းစည်းဆောင်ရွက်တတ်ခြင်း၊ ယဉ်ကျေးသိမ်မွေ့ခြင်းနှင့် ဖြူစင်ရိုးသားခြင်း စသည့် နိုင်ငံတော်၏ ဂုဏ်သိက္ခာအရပ်ရပ်ကို တိုးမြှင့်ဖော်ထုတ်ပြသနိုင်ရေးအတွက် အဘက်ဘက်မှ တီထွင်ကြံဆဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် မှာကြားသည်။ (သတင်းစဉ်)

- ☆ အာရှကျွန်းဆွယ်အားကစားပြိုင်ပွဲကို မြန်မာနိုင်ငံအနေဖြင့် ၁၉၆၁ ခုနှစ်တွင် ပထမအကြိမ်၊ ၁၉၆၉ ခုနှစ်မှာ ဒုတိယအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့။
- ☆ ယခု တတိယအကြိမ် အိမ်ရှင်အဖြစ်လက်ခံကျင်းပနိုင်ခြင်းမှာ နိုင်ငံတော်အတွက် ဂုဏ်ယူဖွယ်ရာစွမ်းဆောင်မှုဟုခံယူ။
- ☆ နေပြည်တော် ဇမ္ဗူသီရိအားကစားရုံ၊ ဇေယျာသီရိအားကစားရုံတို့၌ ပရိသတ် ၃၀၀၀၀ ဆံ့ ပွဲကြည့်စင်နှင့် အမိုးပါဘောလုံးကွင်းများကို တည်ဆောက်နေ။
- ☆ ပြိုင်ပွဲဝင် အားကစားသမားများ၊ အုပ်ချုပ်သူများ၊ နည်းပြများ စသည့် အင်အား ၅၂၀၀ ဆံ့ အားကစားရွာနှင့် တခြားအုပ်ချုပ်မှု၊ စီမံခန့်ခွဲမှုဆိုင်ရာ အဆောက်အအုံများကိုလည်း အဆင့်မြင့်တည်ဆောက်နိုင်ရန်အတွက် လုပ်ငန်းကဏ္ဍအလိုက် လိုအပ်ချက်များတင်ပြ။

တောင်ပိုင်းဒေသများ အနောက်တောင်မုတ်သုံလေ ဝင်ရောက်နိုင်

နေပြည်တော် မေ ၁၀

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ပဲခူးတိုင်းဒေသကြီးတွင် နေရာကွက်၍မိုးကြီးခဲ့သည်။ **နေ့အပူချိန်များမှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် မေလ၏ ပျမ်းမျှအပူချိန်ထက် ၄ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိနှင့် ကရင်ပြည်နယ်တွင် မေလ၏ ပျမ်းမျှအပူချိန်အောက် ၉ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့်နေ့အပူချိန်မှာ** ချောက်မြို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်ဖြစ်သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ရေးမြို့တွင် ၄ ဒသမ ၆၅ လက်မ၊ ကော့ကရိတ်မြို့တွင် ၄ ဒသမ ၂၅ လက်မ၊ ပေါင်မြို့တွင် ၄ ဒသမ ၁၃ လက်မ၊ ဘားအံမြို့တွင် ၃ ဒသမ ၂၇ လက်မ၊ ဇော်င်းတူမြို့တွင် ၃ ဒသမ ၁၁ လက်မ၊ လှိုင်လင်မြို့တွင် ၂ ဒသမ ၇၆ လက်မ၊ မြဝတီမြို့နှင့် လောင်းလုံမြို့တို့တွင် ၂ ဒသမ ၆၈ လက်မစီ၊ ချောင်းဆုံမြို့တွင် ၂ ဒသမ ၃၆ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မနက်ဖြန်ညနေအထိခန့်မှန်းချက်။ ။ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်။ ။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံ တောင်ပိုင်းဒေသများသို့ အနောက်တောင်မုတ်သုံလေ ဝင်ရောက်နိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။
ရန်ကုန်မြို့ နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။
မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၁-၅-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၅ ၁။ တရားတော်
၇း၁၅ ၂။ ဓမ္မပူဇာတေး
၇း၂၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၅ ၄။ မြန်မာ့ရှုခင်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀ ၇။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၉။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၁၀ ၁။ နိုင်ငံတော်သီချင်း
၄း၁၅ ၂။ အဖွင့်သီချင်း
၄း၂၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၅ ၄။ လျှပ်တစ်ပြက်
၄း၄၀ ၅။ အမျိုးသားရေးတေးကဗျာ
၄း၄၅ ၆။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၅၀ ၇။ ရွှေဟောင်းသုတ
၅း၀၀ ၈။ ရန်သူမီး
၅း၂၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၁၀။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၆၃)**
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၃။ Mail Box
၆း၃၅ ၁၄။ ကာတွန်းအစီအစဉ် -ကြယ်တာရာမင်းသားလေး (အပိုင်း -၂၀)
၇း၀၀ ၁၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -လမင်းနေမင်း ကြယ်တစ်စင်း (အပိုင်း-၇)**
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြား သတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ ဒို့တာဝန်အရေး(၃)ပါး
၁၉။ နိုင်ငံတကာသတင်း
၂၀။ မိုးလေဝသသတင်း
၂၁။ ရယ်စရာပျော်စရာ ဟာသကမ္ဘာ
၂၂။ အိုင်စီတီသုတ
၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ထာဝရချစ်သူ (အပိုင်း-၁၂)**
၂၅။ ကြယ်ကလေးတို့ရဲ့ဂီတ မိုးကောင်းကင်

ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် မေ ၁၀

Mother's Choice မှ အဓိက ကူညီပံ့ပိုးသူအဖြစ် ကြီးမှူးကျင်းပခဲ့သည့် 2011 Mother's Day (အမေများနေ့) အထိမ်းအမှတ် မိခင်များအား ဂုဏ်ပြုပွဲနှင့် အနန္တဂိုဏ်းဝင် မိခင်၏ကျေးဇူးနှင့် မေတ္တာတရားကို ဖော်ညွှန်းသော "အခြေခံကျတဲ့ စာမျက်နှာတစ်ရပ်" ဆောင်းပါးစာမူပြိုင်ပွဲတွင် ဆုရထူးချွန်ကလောင်ရှင်များအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကို မေ ၅ ရက်က ရန်ကုန်မြို့ အနော်ရထာလမ်းရှိ Junction Center(မော်တင်)၌စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာအခမ်းအနားကို နှင်းဆီကုန်းဘိုးဘွားရိပ်သာမှ အမေအိုများနှင့် အမေများအဖွဲ့မှ အခမ်းအနားကို အောင်မြင်စွာ ဖွင့်လှစ်ပေးခဲ့ပြီး Mother's Choice မှ Chairman ဦးလှဝင်းကိုယ်စား General Manager ဦးအယ်လ်လမိန်းဒိန်က ရှင်းလင်းပြောကြားသည်။

ထို့နောက် ယှဉ်ပြိုင်ခဲ့ကြသည့် ကလောင်ရှင်များအနက်မှ ဆုရလက်ရွေးစင်ထူးချွန် ကလောင်ရှင်များဖြစ်ကြသည့် ပင်မြင့်စံ(ရွှေဘို)၊ ဆဲလ်ကျော့ခိုင်နှင့် ခေတ်သွေးတို့အား တာဝန်ရှိသူများက ဂုဏ်ပြုဆု ချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ ၂၀၁၂ခုနှစ် အမေများနေ့တွင်လည်း မိခင်များကို ဂုဏ်ပြုသောအားဖြင့် မိခင်၏ကျေးဇူးနှင့် မေတ္တာကို ရသပေါ်လွင်အောင် ရေးသားနိုင်သော ဆောင်းပါးနှင့် ကဗျာပြိုင်ပွဲများကို

ကျင်းပသွားမည်ဖြစ်ပြီး Mother's Choice ဘူးခွံအဖုံးနှင့်အတူ ပေးပို့နိုင်ကြောင်း သိရပါသည်။

ဆက်လက်၍ Mraketing Manger ဦးသိန်းထိုက်မှ Mother's Choice မှ အသစ်ထပ်မံထုတ်လုပ်မည့် ကုန်ပစ္စည်းသစ်များနှင့် နိုင်ငံတကာအဆင့်မီ အရည်အသွေးမြင့်မားသော ဩစတြေးလျနိုင်ငံမှ ထုတ်လုပ်သည့် ဗီတာမင် A,B,D,E ကြွယ်ဝစွာပါဝင်ပြီး လူမျိုးမရွေး ဘာသာမရွေးစားသုံးနိုင်သည့် Mother's Choice Cheese Slide များနှင့်ပတ်သက်၍ အသေးစိတ်မိတ်ဆက် ရှင်းလင်းပြောကြားသည်။ ကိုယ်စားလှယ် ဖြန့်ဖြူးရောင်းချလိုသည့် အရောင်းကိုယ်စားလှယ်ကြီးများနှင့် မုန့်လုပ်ငန်းရှင်များအနေဖြင့် Grand Wynn Group of Companies အမှတ် (၄၀) ၆၇ လမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၉၄၀၄၅၊ ၂၉၄၀၀၂၊ ၂၉၀၁၇၀၊၂၉၁၃၁၈ နှင့် Email:grandwyn@myanmar.com.mm သို့ အသေးစိတ်ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ပြည်တွင်းအားကစားသတင်းများ

ကမ္ဘာ့ဖလားအာရှဇုန်ပထမအဆင့်ခြေစစ်ပွဲဝင်ရန် မြန်မာ့လက်ရွေးစင်အသင်းဖွဲ့စည်း

ရန်ကုန် မေ ၁၀

၂၀၁၄ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အာရှဇုန်ပထမအဆင့် ခြေစစ်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာ့လက်ရွေးစင်အသင်းကို ပဏာမကစားသမား ၃၀ ဖြင့် စတင်ဖွဲ့စည်းလိုက်ပြီဖြစ်သည်။

ခြေစစ်ပွဲဝင်မည့် ပဏာမမြန်မာ့လက်ရွေးစင်အသင်းတွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဦးသိန်းအောင်၊ အုပ်ချုပ်သူအဖြစ် ဦးမောင်မောင်၊ နည်းပြချုပ်အဖြစ် မီလန်ဇီမာဒီနိုဗစ်၊ လက်ထောက်နည်းပြအဖြစ် ဦးဆန်းဝင်း(ကမ္ဘောဇ)၊ ဂိုးနည်းပြအဖြစ် ဦးမျိုးချစ်(ဇေယျာရွှေမြေ)၊ မီဒီယာတာဝန်ခံအဖြစ် ဦးစိုးမိုးကျော်၊ အားကစားသမားများအဖြစ် ဂိုးသမား-ကျော်ဇင်ထက်(ကမ္ဘောဇ)၊ ဟိန်းကျော်သူ (ဥဿာယူနိုက်တက်)၊ အောင်ဝေဖြိုး(မကွေး)၊ ပြည့်ဖြိုးအောင်(Southern Myanmar)၊နောက်တန်း-ရန်အောင်ဝင်း (ရန်ကုန်ယူနိုက်တက်)၊ ဇော်မင်းထွန်း(မကွေး)၊ ရွှေလှိုင်ဝင်း(ဇေယျာရွှေမြေ)၊ ညဏလွင်(ကမ္ဘောဇ)၊ ကျော်ကျော်မျိုး(ကမ္ဘောဇ)၊ ဇော်ဇော်ဦး(ဧရာဝတီယူနိုက်တက်)၊ မင်းကိုကို(ဇေယျာရွှေမြေ)၊ အောင်ဟိန်းကျော်(မနောမြေ)၊ ရန်မျိုးအောင် (Southern Myanmar)၊ အလယ်တန်း-ရန်အောင်ကျော်(ရန်ကုန်ယူနိုက်တက်)၊ မင်းမင်းသူ(ဧရာဝတီယူနိုက်တက်)၊ ဒေးဗစ်ဒန်း(ရန်ကုန်ယူနိုက်တက်)၊ သိန်းသန်းဝင်း(ကမ္ဘောဇ)၊ ကြည်လင်း(ရန်ကုန်ယူနိုက်တက်)၊ ရဲကိုဦး(ရတနာပုံ)၊ နိုင်စိုးဝေ(ဇေယျာရွှေမြေ)၊ သုထက်ပိုင်(ရက္ခပူရယူနိုက်တက်)၊ ပိုင်စိုး(ရတနာပုံ)၊ ဇော်လင်း(နေပြည်တော်)၊ ရှေ့တန်း ကျော်ကိုကို(ဇေယျာရွှေမြေ)၊ မိုင်းအိုက်နိုင်(ရန်ကုန်ယူနိုက်တက်)၊ အောင်မြင့်မြတ်(မနောမြေ)၊ စိုးမြတ်သူ(ဇေယျာရွှေမြေ)၊ စိုးမင်းဦး(ကမ္ဘောဇ)နှင့် စည်သူဝင်း(မကွေး)တို့ ပါဝင်ကြသည်။

ယခုရွေးချယ်ခံထားရသော ပဏာမလက်ရွေးစင်ကစားသမားများသည် မေလ ၁၁ ရက် နံနက် ၁၀ နာရီတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် MFF ထံ သတင်းပို့ရမည်ဖြစ်ပြီး မေလ ၁၁ ရက်မှ ၁၈ ရက်အထိ ပထမအကြိမ် စခန်းဝင်လေ့ကျင့်မည်ဖြစ်သည်။ ဇွန်လ ၁၈ ရက်တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ ဘူတစ်ဂျာလီကွင်း၌ ယှဉ်ပြိုင်ကစားမည့် မလေးရှားလက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲအတွက် အပြီးသတ် ကစားသမား ၂၀ ဦးကို ရွေးချယ်ရန် မေလ ၁၄ ရက် ညနေ ၄ နာရီခွဲတွင် လက်ရွေးစင်ဟောင်းများနှင့် ခြေစမ်းကစားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ကမ္ဘာ့ဖလားအာရှဇုန် ပထမအဆင့် ခြေစစ်ပွဲအဖြစ် မွန်ဂိုလီးယားအသင်းနှင့် နှစ်ကျော့ကစားရမည်ဖြစ်သည်။ (ကြေးမုံ)

အာဆီယံ စစ်တုရင်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၁၀

မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်က ကြီးမှူး၍ အာဆီယံစစ်တုရင်ပြိုင်ပွဲကို မေ ၂၅ ရက်မှ စတင်၍ ဇွန် ၂ ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ကျင်းပမည်ဖြစ်ရာ ပါဝင်ယှဉ်ပြိုင်ကြမည့် စစ်တုရင်အားကစားသမားများသည် မေ ၂၃ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် (ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း)သို့ အမည်စာရင်း ပေးသွင်းကြရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတကာအားကစားသတင်းများ

လာမည့်နှစ် ဘောလုံးရာသီတွင် ရီးယဲလ်မက်ဒရစ်၌ မြင်တွေ့ရတော့မည့် နူရီဆာဟင်။

နူရီဆာဟင်ကို ယူရို ၁၀ သန်းဖြင့် ခေါ်ယူရန် ရီးယဲလ် သဘောတူညီမှုရရှိ

မက်ဒရစ် မေ ၁၀

ရီးယဲလ်မက်ဒရစ်အသင်းသည် ဒေါ့မွန်ကွင်းလယ်ကစားသမား နူရီဆာဟင်ကို ယူရို ၁၀ သန်းဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီဟု ဆိုသည်။

အသက် (၂၂)နှစ်ရှိ အဆိုပါ တူရကီကွင်းလယ်ကစားသမားကို ရီးယဲလ်မက်ဒရစ်အနေဖြင့် လာမည့်နွေရာသီအပြောင်းအရွှေ့ ဈေးကွက်ဖွင့်သည်နှင့် စာချုပ်သွားမည်ဟု ဆိုသည်။ လက်ရှိအချိန်တွင် နူရီဆာဟင်သည် ဒူးဒဏ်ရာကြောင့် အနားယူနေရပြီး ရီးယဲလ်မက်ဒရစ်အသင်းသည် ၎င်းကို ငါးနှစ်စာချုပ် ချုပ်ဆိုသွားရန် ရည်ရွယ်ထားကြောင်း သိရသည်။ နူရီဆာဟင်သည် လာမည့်နှစ် ဘောလုံးရာသီအတွက် မော်ရင်ဟို ပထမဦးဆုံးခေါ်ယူမည့် ကစားသမားဖြစ်လာမည်ဟု သတင်းများတွင် ဖော်ပြထားသည်။ ***အင်တာနက်။***

ဟက်ဒင့်နှင့် ဇိုလာတို့ကို ခေါ်ယူရန် အေဗရာမိုဗစ်ချ် စီစဉ်

လန်ဒန် မေ ၁၀

ချယ်လ်ဆီးအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ဆုဖလားလက်မဲ့ဖြစ်ခဲ့ရခြင်းကြောင့် လက်ရှိနည်းပြ အန်ဆန်လော့တီ၏ အနာဂတ်မှာလည်း မသေချာမရေရာ ဖြစ်လျက်ရှိနေသည်။ မေ ၉ ရက်တွင် ထွက်ပေါ်လာသော သတင်းများအရ ချယ်လ်ဆီးသူဌေး အေဗရာမိုဗစ်ချ်သည် ဟက်ဒင့်နှင့် ဇိုလာတို့ကို ခေါ်ယူရန် စီစဉ်နေသည်ဟု သိရသည်။

အသက်(၆၄)နှစ်ရှိ ဟက်ဒင့်သည် အန်ဆန်လော့တီ မတိုင်မီ ချယ်လ်ဆီးအသင်းကို သုံးလတာ ယာယီ ကိုင်တွယ်ခဲ့ဖူးသူဖြစ်သည်။ အသက်(၄၄)နှစ်သာရှိသေးသည့် ဇိုလာကမူ ချယ်လ်ဆီးအတွက် ပွဲပေါင်း ၃၀၀ ကျော် ပါဝင်ကစားပေးခဲ့ဖူးသည့် တိုက်စစ်မှူးဟောင်းဖြစ်ပြီး နည်းပြဘဝနှင့် ဝက်စ်ဟမ်းအသင်းကို ကိုင်တွယ်ဖူးသူဖြစ်သည်။ အေဗရာမိုဗစ်ချ်အနေဖြင့် ၎င်းတို့နှစ်ဦး တွဲဖက်၍ ချယ်လ်ဆီးအသင်းကို ကိုယ်တွယ်စေလိုသည့် ဆန္ဒရှိသည်ဟု ဆိုသည်။

ချယ်လ်ဆီးသို့ နည်းပြဘဝနှင့် ပြန်ရောက်လာဖွယ်ရှိနေသည့် ဇိုလာ။

အင်တာနက်။

ဟန်သစ်

အင်္ဂလန် ယူ-၁၇ အသင်းတွင် ခြေစွမ်းပြပြီး နှစ်ဂိုးသွင်းပေးခဲ့သည့် ဟယ်လင်ဟုတ်ပ်။

အင်္ဂလန် ယူ-၁၇ အသင်း ဆားဘီးယားကို အနိုင်ယူ၍ အကြိုဗိုလ်လုပွဲတက်

လန်ဒန် မေ ၁၀

ဥရောပ ယူ-၁၇ အမျိုးသားဘောလုံးပြိုင်ပွဲကို မေ ၃ ရက်မှ ၁၅ ရက်အထိ ဆားဘီးယားနိုင်ငံ၌ ကျင်းပလျက်ရှိရာ ယမန်နေ့ပွဲစဉ်များတွင် အင်္ဂလန်ယူ-၁၇ အသင်းက အိမ်ရှင် ဆားဘီးယား ယူ-၁၇ အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရ၍ အကြိုဗိုလ်လုပွဲသို့ တက်နိုင်ခဲ့ပြီ ဖြစ်သည်။

ဥရောပ ယူ-၁၇ ပြိုင်ပွဲ၏ လက်ရှိချန်ပီယံ အင်္ဂလန်ယူ-၁၇ အသင်းသည် အုပ်စု(A)တွင် ဒိန်းမတ်၊ ပြင်သစ်၊ ဆားဘီးယားတို့နှင့် အတူပါဝင်ခဲ့ပြီး ယခု ဆားဘီးယားကို ဂိုးပြတ်အနိုင်ရ၍ အကြိုဗိုလ်လုပွဲသို့ တက်နိုင်ခဲ့ခြင်း ဖြစ်သည်။ အင်္ဂလန်အတွက် ဂိုးများကို ပထမပိုင်း ပွဲကစားချိန် ၇ မိနစ်တွင် လီဗာပူး လူငယ်ကစားသမား ဘရက်လေစမစ်၊ ပွဲချိန် ၉ မိနစ်နှင့် ၁၈ မိနစ်တို့တွင် အဲဗာတန်လူငယ်ကစားသမား ဟယ်လင်ဟုတ်ပ်တို့က သွင်းယူခဲ့ခြင်း ဖြစ်သည်။

အင်္ဂလန်အသင်းသည် အကြိုဗိုလ်လုပွဲတွင် နယ်သာလန်အသင်းနှင့် ဆုံတွေ့မည်ဖြစ်ပြီး ဒိန်းမတ်အသင်းမှာ ဂျာမနီအသင်းနှင့် ဆုံတွေ့မည် ဖြစ်သည်။ ***အင်တာနက်။***

ဖေဘီယိုကွန်ထရာအို ဘိုင်ယန်မြူးနစ်သို့ ပြောင်းမည်

မြူးနစ် မေ ၁၀

ဘင်ဖီကာအသင်း၏ ဘယ်နောက်ခံကစားသမား ဖေဘီယိုကွန်ထရာအိုသည် ပေါင် ၁၇ ဒသမ ၅ သန်းဖြင့် ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ရန်သဘောတူညီမှု ရရှိခဲ့ပြီဟု သိရသည်။

အသက်(၂၃)နှစ်ရှိ ဖေဘီယိုသည် နောက်တန်းဘယ်အစွန်နေရာတွင် ကောင်းကောင်း ခြေစွမ်းပြ ကစားနိုင်သူဖြစ်သည်။ ဘိုင်ယန်မြူးနစ်အသင်းက ၎င်းကို ငါးနှစ်စာချုပ်ဖြင့် ခေါ်ယူသွားမည်ဟု ဆိုသည်။ ဘိုင်ယန်မြူးနစ်အသင်းသည် ဖေဘီယိုကို ခေါ်ယူရခြင်းမှာ ခြေစွမ်းပိုင်းကျဆင်းလာသည့် အာဂျင်တိုင်းသား ဟိန့်ဇ်၏ နေရာတွင် အစားထိုးနိုင်ရန် ဖြစ်သည်ဟု သိရသည်။ ***အင်တာနက်။***

နိုင်ငံတကာရုပ်ရှင် အနုပညာရပ်ဝန်း

ကိုရီးယားမင်းသား ရိန်း၏ဇာတ်ကားသစ် ထွက်ရှိ

ကိုရီးယားရုပ်ရှင်လောကနှင့် ဂီတလောကတွင် အောင်မြင်မှုအရှိဆုံး မင်းသားအဖြစ် ရပ်တည်နေသူ ကိုရီးယားမင်းသား အဆိုတော် ရိန်း၏ ဇာတ်ကားသစ် ထွက်ရှိနေပြီ ဖြစ်သည်။

Take off: Closer to the sum အမည်ရှိ ယင်းဇာတ်ကားသစ်၏ ပိုစတာတွင် နေဝင်ဆည်းဆာချိန်၌ မင်းသား ရိန်းက သူ၏ တိုက်လေယာဉ်ကို ငေးမောကြည့်နေသည့် ပုံဖြင့် ဖော်ပြထားသည်။

ယင်းဇာတ်ကားတွင် ကိုရီးယားမင်းသားရိန်းနှင့် နာမည်ကြီး မင်းသမီး စင်စီဂျီယောင်တို့က အဓိက ဇာတ်ကောင်အဖြစ် ပါဝင်သရုပ်ဆောင်ထားပြီး မင်းသားကင်ဆောင်ဆူး၊ ယုဂျန်ဆန်နှင့် မင်းသမီး လီဟာနာတို့က တွဲဖက်ပါဝင် အားဖြည့်ပေးထားသည်။

ဤဇာတ်ကားသည် ၁၉၆၄ ခုနှစ်က ကိုရီးယားရုပ်ရှင်ကား Red Muffler ဇာတ်ကားကို ပြန်လည်ရိုက်ကူးထားခြင်းဖြစ်ပြီး အန္တရာယ်များလှသည့် ကိုရီးယားကျွန်းဆွယ်စစ်ပွဲအတွင်း ရဲဘော်ရဲဘက် တိုက်လေယာဉ်မှူးများ၏ အချစ်နှင့် ဘဝကို ဖော်ကျူးထားသော အက်ရှင်ကားကောင်းတစ်ကား ဖြစ်သည်။

ယင်းဇာတ်ကားထုတ်လုပ်သူက ဇာတ်ကားရိုက်ကူးစဉ်အတွင်း ကိုရီးယားလေတပ်၏ ကူညီထောက်ပံ့မှုများ ရရှိခဲ့သကဲ့သို့ ဟောလိဝုဒ် ဇာတ်ကားများဖြစ်သည့် Sky Fighters(၂၀၀၆)၊ Dark Knight (၂၀၀၈)၊ Inception (၂၀၁၀) ဇာတ်ကားများတွင် ပါဝင်ခဲ့သည့် တိုက်လေယာဉ်မှူးများ၏ ပါဝင်အားဖြည့် ကူညီမှုများကိုလည်း ရရှိခဲ့ကြောင်း ပြောကြားသည်။

အင်တာနက်။

အေဝမ်းစိုး

ပညာဂုဏ်ရောင် အလင်းဆောင်

ပညာဂုဏ်ရောင် အလင်းဆောင်

မိုးပုံ့စာကြည့်တိုက် ညောင်တုန်းမြို့နယ်၌ဖွင့်

ရန်ကုန် မေ ၁၀

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ် မိုးဟုတ်ကျေးရွာအုပ်စု ကွင်းကလေး/ကျောင်းစုကျေးရွာ၌ နိုင်ငံတော်မတည်ငွေနှင့် ကျေးရွာပြည်သူများ ထည့်ဝင်ငွေတို့ဖြင့် ဆောက်လုပ်ပြီးစီးသည့် မိုးပုံ့စာကြည့်တိုက်သစ်ဖွင့်ပွဲကို မေ ၅ ရက် နံနက် ၉ နာရီတွင် အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မင်း၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးထိန်လင်းနှင့် ရပ်မိရပ်ဖ ဦးမြလှိုင်တို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

အခမ်းအနားတွင် ရန်ကုန်မြို့မှ ဦးညီညီလှိုင်နှင့်အဖွဲ့က ကျေးရွာမီးလင်းရေးနှင့် ရေရရှိရေးအတွက် ငွေကျပ် ၄၂ သိန်းတန်ဖိုးရှိ မီးစက်နှင့် အဝီစိတွင်းတစ်တွင်း အပါအဝင် အလှူရှင်များက ငွေပဒေသာပင်၊ (၂၁)လက်မ ရောင်စုံရုပ်မြင်သံကြားဖမ်းစက် တစ်လုံး၊ ရေဒီယို တစ်လုံး၊ တိုင်ကပ်နာရီ တစ်လုံး၊ သုတ၊ ရသမဂ္ဂဇင်းများနှင့် ဂျာနယ်မျိုးစုံတို့ကို လှူဒါန်းခဲ့ကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်၊ စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာဗဟုသုတ မြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိသဖြင့် စေတနာရှင်၊ အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်၊ စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

စာဖတ်ရှိန်မြှင့်တင်ရေး စာပေဟောပြော

တောင်ငူ မေ ၁၀

တောင်ငူမြို့မှ စာချစ်သူ မြို့မိမြို့ဖများနှင့် ကာတွန်းဆရာများ ပူးပေါင်းကျင်းပသည့် စာဖတ်ရှိန်မြှင့်တင်ရေး စာပေဟောပြောပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် စတုတ္ထနေ့ အစီအစဉ်အရ မေ ၈ ရက်ညက တောင်ငူမြို့ ဗိုလ်မှူးဖိုးကွန်းလမ်းရှိ ဝင်းရုပ်ရှင်ရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် စာရေးဆရာကျော်ရင်မြင့်က “လမ်းပေါ်မှာ” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာဦးဘုန်း(ဓာတု)က “အိမ်သို့မဟုတ် အိမ်လေးတစ်လုံး လိုချင်တယ်” ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဟောပြောကြပြီး အမှတ်တရဂုဏ်ပြုဆုများကို တောင်ငူအထွေထွေရောဂါကု ဆေးရုံအုပ်ကြီး ဒေါက်တာမြသောင်းနှင့် တောင်ငူတက္ကသိုလ် မြန်မာစာပါမောက္ခ ဒေါက်တာမာမာဝေတို့က ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

(၄၇၂)

ကျေးလက်စာကြည့်တိုက်များသို့ စာအုပ်၊ ဂျာနယ်များ လှူဒါန်း

ကောလင်း မေ ၁၀

ကောလင်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ ကျေးလက်စာကြည့်တိုက်များသို့ စာအုပ်၊ ဂျာနယ်များ ပေးအပ်လှူဒါန်းပွဲကို မေ ၃ ရက်က မြို့နယ်အဖွဲ့ရုံးခန်းမ၌ ကျင်းပရာ လှူဒါန်းထားသော စာအုပ်၊ ဂျာနယ် ၅၀၀ ကို ကောလင်းမြို့နယ် ရှမ်းကလုံးအုပ်စု ရှမ်းကလုံးကျေးရွာ၊ မြေနီအုပ်စု တံစူးကျေးရွာ၊ အင်ပင်သာကျေးရွာ၊ သပြေအိုင်အုပ်စု ချောင်းကွေ့ကျေးရွာနှင့် ဝန်းသိုမြို့နယ် ကျုံးကြီးကျေးရွာတို့သို့ ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။

(၂၁၄)

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

ပါကစ္စတန်နယ်စပ်တစ်လျှောက်၌ စစ်ရေးလေ့ကျင့်မှုများ အိန္ဒိယစတင်

ဂျိုဓပူရ မေ ၁၀

တပ်ဖွဲ့ဝင် ထောင်ပေါင်းများစွာပါဝင်သော စစ်ရေးလေ့ကျင့်မှုတစ်ရပ်ကို မဟာပြိုင်ဘက်ပါကစ္စတန်နိုင်ငံ နယ်စပ်အနီး၌ အိန္ဒိယနိုင်ငံက မေ ၉ ရက်တွင် လုပ်ဆောင်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ဗီဂျားယေးဘာဗား(ငြိမ်းချမ်းပါစေ)ဟူ၍ အမည်ပေးထားသော အဆိုပါစစ်ရေးလေ့ကျင့်မှုကို ရာဂျစတန်ပြည်နယ်သာရ်သဲကန္တာရဒေသ၌ ခြောက်ရက်ကြာ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အိန္ဒိယစစ်ဘက်ပြောရေးဆိုခွင့်ရှိသူက ထုတ်ဖော်ပြောကြားခဲ့သည်။ ဗီဂျာယေးဘာဗား စစ်ရေးလေ့ကျင့်မှုအတွင်း ယာဉ်ယန္တရားတပ်ဖွဲ့များ၏ အထောက်အကူဖြင့် စစ်ကစားမှုကို အဓိကထား လုပ်ဆောင်မည်ဖြစ်ကြောင်းသိရသည်။

အဆိုပါစစ်ရေးလေ့ကျင့်မှု၌ အိန္ဒိယတပ်ဖွဲ့ဝင် ၂၀၀၀၀ ကျော်နှင့် အိန္ဒိယတပ်မတော် ခေတ်မီရေးစီမံချက်အရ ရယူဖြည့်တင်းထားသော လက်နက်များပါဝင်ကြောင်း သတင်းတွင် ဖော်ပြထားသည်။

ကမ္ဘာပေါ်၌ စတုတ္ထမြောက် စစ်အင်အားအကြီးဆုံးဖြစ်သော အိန္ဒိယတပ်မတော်သည် လွန်ခဲ့သောခြောက်နှစ်တာကာလအတွင်း ပြိုင်ဘက်ပါကစ္စတန်နိုင်ငံနှင့် နယ်စပ်အနီးတွင် အဓိကစစ်ရေးလေ့ကျင့်မှု ၁၀ ကြိမ်လုပ်ဆောင်ခဲ့သည်။

ပါကစ္စတန်နိုင်ငံကို အကြမ်းဖက်သမားများ ခိုလှုံရာနေရာအဖြစ် အိန္ဒိယနိုင်ငံက ရှုတ်ချပြစ်တင်ထားပြီး ၂၀၀၈ ခုနှစ် မွမ်ဘိုင်းမြို့ အကြမ်းဖက်တိုက်ခိုက်မှုကို စီစဉ်ခဲ့သည်ဟု သံသယရှိသူများအား ဖမ်းဆီးရန်လည်း တောင်းဆိုထားသည်။

နျူကလီးယားလက်နက်များ အသီးသီးပိုင်ဆိုင်ထားကြသော အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့သည် ၎င်းတို့လွတ်လပ်ရေးရခဲ့သည့်ကာလ ၁၉၄၇ ခုနှစ်မှစ၍ စစ်ပွဲသုံးကြိမ်ဆင်နွှဲတိုက်ခိုက်ခဲ့ပြီးဖြစ်သည်။

အင်တာနက်။

ပိုလန်၌ တိုက်လေယာဉ်များပြောင်းရွှေ့ချထားမည့် အမေရိကန်၏အစီအစဉ် ရုရှားနှင့် အမေရိကန်တို့အကြား ဆက်ဆံရေးကို ထိခိုက်နိုင်ဖွယ်ရှိ

ဝါဆော မေ ၁၀

အီတလီနိုင်ငံ အေဗီယာနိုလေတပ်အခြေစိုက်စခန်းမှ အက်ဖ် ၁၆ ဂျက်တိုက်လေယာဉ်များကို ပိုလန်နိုင်ငံသို့ ပြောင်းရွှေ့ချထားမည့်အစီအစဉ်၏ အသေးစိတ်အချက်အလက်များအား အမေရိကန်သမ္မတဘာရတ်အိုဘားမားက ယခုလအတွင်း ထုတ်ပြန်မည်ဖြစ်ကြောင်း ပိုလန်သတင်းစာများက ယနေ့ဖော်ပြသည်။

အက်ဖ် ၁၆ တိုက်လေယာဉ်များ ပြောင်းရွှေ့နေရာချထားရေးအစီအစဉ် အမှန်တကယ်အကောင်အထည်ပေါ်လာခဲ့ပါက အမေရိကန်ပြည်ထောင်စုနှင့် ရုရှားနိုင်ငံအကြား ပြန်လည်တည်ဆောက်ဆဲဆက်ဆံရေးတွင် မကျေလည်ဖွယ်ပြဿနာတစ်ရပ်ဖြစ်လာနိုင်သည်။

အလားတူအဆိုပါ အစီအစဉ်ကြောင့် ရုရှားနိုင်ငံနှင့် ပိုလန်နိုင်ငံတို့အကြားတွင်လည်း ဆက်ဆံရေးမပြေလည်မှုများ ပေါ်ပေါက်လာနိုင်ကြောင်း သတင်းများတွင်ဖော်ပြသည်။

ပိုလန်လေတပ်၏ လေ့ကျင့်မှုများကို ကူညီပေးရန်အလို့ငှာ အမေရိကန်လေတပ်လေယာဉ်များ အချိန်ပိုင်းရွှေ့ပြောင်းနေရာချထားမှုကို ထောက်ကူရန်အတွက် အမေရိကန်တပ်ဖွဲ့များအား ပိုလန်နိုင်ငံသို့ စေလွှတ်မည်ဖြစ်ကြောင်း အမေရိကန်အစိုးရက ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလက ကြေညာခဲ့ပြီးဖြစ်သည်။

အက်ဖ် ၁၆ တိုက်လေယာဉ်များ ပိုလန်နိုင်ငံသို့ ပြောင်းရွှေ့နေရာချထားမှုသည် အခိုက်အတန့်မျှသာဖြစ်ပြီး အမြဲတမ်းတပ်စွဲထားမည့်အစီအစဉ်မရှိကြောင်း အမေရိကန်အစိုးရတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ရုရှားစစ်ဘက်သည် အစဉ်အလာအရ မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)ကို ရန်ဘက်သဖွယ်ရှုမြင်ထားသည်။

အမေရိကန်သမ္မတ ဂျော့ဂ်ျဒဗလျူဘုရှ်လက်ထက်က အမေရိကန်နိုင်ငံသည် ပိုလန်နိုင်ငံအတွင်း ဒုံးကျည်ကာကွယ်ရေးစနစ်တည်ဆောက်နေရာချထားရန် စီမံခဲ့စဉ် မိမိတို့၏ ဒုံးပျံများကို ပိုလန်နိုင်ငံအတွင်းရှိ ပစ်မှတ်များအား ချိန်ရွယ်ထားရလိမ့်မည်ဖြစ်ကြောင်း ရုရှားနိုင်ငံက သတိပေးခဲ့ဖူးသည်။

အင်တာနက်။

ရောမဂြိုဟ်သိမ်ကြီး နိုဝင်ဘာလအတွင်း ကမ္ဘာမြေအနီးမှ ဖြတ်သန်းမည်

နယူးယောက် မေ ၁၀

လေယာဉ်တင် သင်္ဘောကြီးတစ်စင်း၏ အရွယ်အစားတမျှကြီးမားသော ဂြိုဟ်သိမ်ကြီးတစ်ခုသည် ယခုနှစ် နိုဝင်ဘာလအတွင်း ကမ္ဘာ၏အနီးမှ ဖြတ်သန်းမည်ဖြစ်ပြီး ယင်းဂြိုဟ်သိမ်ကြီး ဖြတ်ပျံမှုကြောင့် ကပ်ဘေးတစ်ရပ်ဖြစ်လာနိုင်မည်ကို စိုးရိမ်ရန်မလိုကြောင်း မေ ၈ ရက် သတင်းများတွင် ဖော်ပြသည်။

၂၀၀၅ ဝိုင်ယူ ၅၅ အမည်ရှိ ဂြိုဟ်သိမ်သည် နိုဝင်ဘာ ၈ ရက်တွင် ကမ္ဘာမြေနှင့် မိုင်ပေါင်း ၂၀၁၇၀၀ အကွာမှ ဖြတ်သန်းမည်ဖြစ်သော်လည်း ကမ္ဘာမြေကို ဆိုးကျိုးသက်ရောက်စေလိမ့်မည်မဟုတ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

၂၀၀၅ ဝိုင်ယူ ၅၅ ဂြိုဟ်သိမ်သည် မီတာ ၄၀၀ ကျယ်ဝန်းပြီး ၂၀၀၅ ခုနှစ် ဒီဇင်ဘာလအတွင်းက အာရီဇိုးနားတက္ကသိုလ် အာကာသစောင့်ကြည့်ရေး အစီအစဉ်က ထောက်လှမ်းတွေ့ရှိခဲ့ခြင်း ဖြစ်သည်။

ဂြိုဟ်သိမ်၏ အရွယ်အစားနှင့် ပတ်လမ်းဆိုင်ရာ အနေအထားများကြောင့် ၂၀၀၅ ဝိုင်ယူ ၅၅ ဂြိုဟ်သိမ်ကို ကမ္ဘာမြေအား အန္တရာယ်ကျရောက်စေနိုင်သည့် ဂြိုဟ်သိမ်အဖြစ် နက္ခတ္တဗေဒသိပ္ပံပညာရှင်များက သတ်မှတ်ခဲ့ပြီးဖြစ်သည်။

သို့ရာတွင် ယင်းဂြိုဟ်သိမ်ကြီးဖြတ်ပျံမည့် နိုဝင်ဘာ ၈ ရက်တွင် မည်သည့်အန္တရာယ်မျှ ကျရောက်နိုင်ဖွယ်မရှိကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ဝိုင်ယူ ၅၅ ဂြိုဟ်သိမ်သည် အနည်းဆုံးလာမည့် နှစ်ပေါင်း ၁၀၀ အထိ ကမ္ဘာမြေနှင့် ဝင်ဆောင့်မည့် အလားအလာမရှိကြောင်း အမေရိကန်ပြည်ထောင်စု အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲမှု အေဂျင်စီ(နာဆာ)၏ ကမ္ဘာမြေအနီးမှ အာကာသဒြပ်ထုများ လေ့လာရေးစီမံချက် မန်နေဂျာ ဒွန်ယိုးမင်းက ပြောကြားသည်။

သိပ္ပံပညာရှင်တို့၏ အဆိုအရ ဝိုင်ယူ ၅၅ ဂြိုဟ်သိမ်၏ ကမ္ဘာမြေအပေါ် ဆွဲငင်အား သက်ရောက်မှုသည် အလွန်နည်းပါးခြင်းကြောင့် ဒီရေအတက်အကျနှင့်အခြား သဘာဝနိယာမများအပေါ် အကျိုးသက်ရောက်မှုရှိမည် မဟုတ်ကြောင်း သိရသည်။

အင်တာနက်။

အမျိုးသမီး ၂၀ ခန့်အား တိုက်ခိုက်ခဲ့သူများကို မလေးရှားရဲအဖွဲ့ လိုက်လံရှာဖွေနေ

ကွာလာလမ်ပူ မေ ၁၀

မလေးရှားနိုင်ငံ မြို့တော်ကွာလာလမ်ပူ၌ မော်တော်ဆိုင်ကယ်တစ်စီးဖြင့် ခြေဦးတည့်ရာလှည့်လည်ကာ အမျိုးသမီးအတော်များများအား အက်စစ်နှင့် အလားသဏ္ဌာန်တူသည့် အရည်တစ်မျိုးဖြင့် ပက်ဖျန်းတိုက်ခိုက်ခဲ့သည်ဟု သံသယရှိရသူနှစ်ဦးအား မလေးရှားရဲအဖွဲ့က အပူတပြင်းရှာဖွေလျက်ရှိသည်ဟု ဆိုသည်။

ကွာလာလမ်ပူရဲတပ်ဖွဲ့ တာဝန်ရှိသူတစ်ဦးက ပြောကြားရာတွင် အာဏာပိုင်များအနေဖြင့် သုံးလအတွင်း အဆိုပါ တိုက်ခိုက်မှုမျိုး အနည်းဆုံး ၂၂ ကြိမ်ဖြစ်ပွားခဲ့ကြောင်း သတင်းရပြီးနောက် လမ်းများတွင် ကင်းလှည့်ခြင်းကို တိုးမြှင့်ပြုလုပ်လျက်ရှိသည်ဟုဆိုသည်။

မီဒီယာများ၏ဖော်ပြချက်အရ လွန်ခဲ့သည့်ရက်သတ္တပတ်ကုန်ပိုင်းက နောက်ဆုံးတိုက်ခိုက်ခံခဲ့ရသူတစ်ဦးမှာ အမြင်အာရုံပျက်စီးခဲ့ပြီး မျက်နှာတွင်လည်း လောင်ကျွမ်းမှုအသေးစားဖြစ်ပေါ်ခံစားခဲ့ရကာ ဆေးရုံတက်ရောက်ကုသမှုခံယူခဲ့ရသည်ဟု ဆိုသည်။ တိုက်ခိုက်ခံရသူများထဲတွင် ငယ်ရွယ်သော ကျောင်းသူများနှင့် ကလေးချီပိုးထားသော မိခင်တစ်ဦးလည်းပါဝင်ပြီး ၎င်းတို့အများစုမှာ အရေပြား ကျိန်းစပ်ဝေဒနာများ ခံစားခဲ့ရသည်ဟု ဆိုသည်။

အင်တာနက်။

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်းအား ဗြိတိန်နိုင်ငံသံအမတ်ကြီး Mr. Andrew Richard Heyn လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်းအား ဗြိတိန်နိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၁၀

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်းအား ဗြိတိန်နိုင်ငံသံအမတ်ကြီး Mr. Andrew Richard Heyn သည် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဗဟိုစံပြငါးဈေးကြီး အကြီးစားပြန်လည်ပြုပြင်ရေး မကြာမီ စတင်တော့မည်

ရန်ကုန် မေ ၁၀

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်ရှိ ဗဟိုစံပြငါးဈေးကြီးကို ပြုပြင်မှုမရှိသည်မှာ ကြာပြီဖြစ်သောကြောင့် အမိုးအကာသွပ်ပြားများ၊ ရေတံလျှောက်များ၊ ရေဆင်းပိုက်များ၊ အုတ်နံရံနှင့် သံပန်း၊ သံတံခါးများ ပျက်စီးယိုယွင်းနေသဖြင့် မိုးရွာသွန်းချိန်တွင် သွပ်ပေါက်များမှ မိုးရေများ ကျဆင်းကာ ဈေးရောင်း၊ ဈေးဝယ်လုပ်ငန်းများ မိုးရေအောက်တွင် လုပ်ဆောင်နေရသည်။ ထို့ကြောင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ မေ ၆ ရက်တွင် လာရောက်စစ်ဆေးခဲ့ကာ အကြီးစားပြန်လည် ပြုပြင်ရန်ခွင့်ပြုချက်ရရှိပြီးဖြစ်သဖြင့် မကြာမီကာလအတွင်း စတင်ပြုပြင်တော့မည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ပန်းလှိုင်ဆေးရုံအား နိုင်ငံတကာအသိအမှတ်ပြုလက်မှတ် ချီးမြှင့်

ရန်ကုန် မေ ၁၀

ပန်းလှိုင်ဆေးရုံသို့ အင်္ဂလန်နိုင်ငံ GIC (Guardian Independent Certification Ltd) အဖွဲ့အစည်းမှ နိုင်ငံတကာအသိအမှတ်ပြု ISO 9001:2008 Certificate ချီးမြှင့်ခြင်းအခမ်းအနားကို မေ ၈ ရက် ည ၇ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ Sedona Hotel ၌ ကျင်းပသည်။

ရှေးဦးစွာ ပန်းလှိုင်ဆေးရုံအုပ် ဒေါက်တာရဲမိုးမြင့်က ISO လက်မှတ်ရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ပုံအဆင့်ဆင့်နှင့် ပန်းလှိုင်ဆေးရုံ၏ Quality Management System for Provision of Health Care အတွက် ISO လက်မှတ်ရရှိခဲ့ကြောင်းနှင့် မြန်မာနိုင်ငံတွင် ပထမဦးဆုံး နိုင်ငံတကာအသိအမှတ်ပြု ISO လက်မှတ်ရရှိသည့် ဆေးရုံဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ပန်းလှိုင်ဆေးရုံ၏ Medical Director ပါမောက္ခဦးဝင်းမြင့်က ပန်းလှိုင်ဆေးရုံ၏ Standard Health Care ကို ပြောကြားပြီး GIC အဖွဲ့အစည်း၏ Operation Director ဒေါက်တာတင်လတ်က ISO 9001:2008 နှင့်စပ်လျဉ်း၍ ပြောကြားကာ ပန်းလှိုင်ဆေးရုံသို့ ချီးမြှင့်သည့် ISO 9001:2008 Certificate အား ဆေးရုံအုပ် ဒေါက်တာရဲမိုးမြင့်ထံ ပေးအပ်သည်။**(အပေါ်ပုံ)** (ကြေးမုံ)

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၌ ဟောပြောပွဲကျင်းပမည်

ရန်ကုန် မေ ၁၀

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များ အသင်းတို့၏ ပူးပေါင်းစီစဉ်မှု၊ Sun Myanmar In'l Impex Co., Ltd. ၏ ကူညီပံ့ပိုးမှုတို့ဖြင့် မေ ၁၄ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းမကြီးရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ စာရေးဆရာ ဟိန်းလတ်က "ယန်စီနှင့်ဂင်္ဂါ သို့မဟုတ် တရုတ်နှင့်အိန္ဒိယတို့ ကမ္ဘာကိုလွှမ်းသောအခါ" " Yangtze & Ganges Or When China & India Rule the World" ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကဆုန်လပြည့်နေ့အလှူ

ရန်ကုန် မေ ၁၀

အစိုးရနည်းပညာကောလိပ်(သန်လျင်) ကျောင်းသား၊ ကျောင်းသူဟောင်းများက မေ ၁၇ ရက် ကဆုန်လပြည့်နေ့တွင် ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ်၌ ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူများအား စတုဒိသာ ကျွေးမွေးလှူဒါန်းမည်ဖြစ်၍ ကုသိုလ်ပါဝင်လိုသူများသည် ကိုဝေဖြိုးနောင် ဖုန်း-၀၉-၄၉၃၃၁၄၉၄၊ ကိုအောင်ခန့် ဖုန်း-၀၁-၄၅၀၁၁၆ နှင့် ကိုကိုဦး ဖုန်း-၀၉-၄၉၅၇၀၈၉၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

တစ်ကိုယ်တော်ပန်းချီပြပွဲ

ရန်ကုန် မေ ၁၀

ပန်းချီမိုးကျော်သူ၏ တတိယအကြိမ် တစ်ကိုယ်တော်ပန်းချီပြပွဲကို ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ လောကနတ်ပန်းချီပြခန်း၌ မေ ၉ ရက်မှ ၁၄ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြသထားသည်။

အဆိုပါပြပွဲတွင် အခရိုင်းလစ်၊ မစ်(စ်)မီဒီယာနှင့် ဒစ်ဂျစ်တယ်အတ် ပန်းချီနည်းပညာစနစ်တို့ဖြင့် ရေးဆွဲဖန်တီးထားသော အနုပညာလက်ရာပန်းချီကားပေါင်း ၄၃ ကားကို ခင်းကျင်းပြသထားရာ မည်သူမဆို လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

သွေးလှူဒါန်းပွဲ ကျင်းပ

ရန်ကုန် မေ ၁၀

Capital Hypermarket ၏ တတိယအကြိမ်မြောက် သွေးလှူဒါန်းပွဲကို မေ ၁ ရက်တွင် ရန်ကုန်မြို့ ဒေါပုံမြို့နယ် မင်းနန္ဒာလမ်းရှိ အဆိုပါ Hypermarket အရောင်းမြှင့်တင်ရေးဝင်းအတွင်း၌ ကျင်းပရာ Hypermarket ဝန်ထမ်းများနှင့် ဈေးဝယ်သူများက သွေးများ လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၁၈)ကြိမ်မြောက် အာဆီယံမျက်နှာစုံညီ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်

နေပြည်တော် မေ ၁၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မေ ၇ ရက် နံနက် ၉ နာရီ ၄၅ မိနစ်တွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့ရှိ Jakarta Convention Centre (JCC) Cendrawasih ခန်းမ၌ ကျင်းပသည့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ (၁၈)ကြိမ်မြောက် အာဆီယံမျက်နှာစုံညီ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်သည်။

အဆိုပါ အစည်းအဝေးသို့ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင် ဆူလ်တန် ဟာဂျီဟာဆာနာလ်ဘိုကီးယားမူအစ်ဇာဒင်ဝါဒိုလာ၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူစီလိုဘန်ဘန်း ယူဒိုရိုနို၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင်၊ မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတိုဆရီ မိုဟာမက် နာဂျစ်ဘင်ထွန်း ဟာဂျီအဗ္ဗဒူရာဇတ်၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဘီနင်နိုအကွီနို၊ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်လွန်း ကိုယ်စား ဝါရင့်ဝန်ကြီး ပါမောက္ခ အက်စ်ဂျယာကူးမား၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အဘီဆစ်ဝဲ့ချာချီဝ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်း၊ အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာ ဆူရင်ပစ်ဆူဝမ်နှင့် အာဆီယံနိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။ **စာမျက်နှာ ၆ ကော်လံ ၁ သို့**❇

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျကာတာမြို့ရှိ Jakarta Convention Centre (JCC) Cendrawasih ခန်းမ၌ ကျင်းပသည့် (၁၈)ကြိမ်မြောက် အာဆီယံမျက်နှာစုံညီ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်စဉ်။ (သတင်းစဉ်)